# ဒေါက်တာသန်းထွန်း

# အမိန့်တော်ထဲက
# သမိုင်း



mgyoe.com

mgyoe.com

ရှင်ဘုရင်က အမိန့်ပေးတယ် ဆိုတာ
ပါးစပ်နဲ့ပဲ ပြောလိုက်တာပဲ။
နာခံတော်က မှတ်ပြီး
သက်ဆိုင်တဲ့လူဆီ သွားတယ်။
ပါးစပ်နဲ့ပဲ အမိန့်တော်ပြန်တယ်။
နားထောင်တဲ့လူက ဒူးတုပ်ပြီး
နားထောင်ရတယ်။
နာခံတော်က အမိန့်တော်ပြန်တဲ့အခါ
အတိမ်းအစောင်းမရှိရအောင်
လိုရင်းအချက်ကို စာနဲ့ တေးမှတ်ထားတယ်။
တစ်နေကုန်ရင်
တစ်နေ့တာ ရှင်ဘုရင်ပြောသမျှကို
တစ်ပေါင်းတည်းမှတ်ထားတယ်။
နေ့စွဲတပ်တယ်။
နာခံတော်နာမည် ထည့်ထားတယ်။
အဲဒါကြောင့် တစ်နေ့တည်း
ရှင်ဘုရင်ရဲ့ စကားတွေဟာ
အကြောင်းစုံပါပြီးဖြစ်နေတယ်။



DTH0007
2,300.00 KS

mgyoe.com

mgyoe.com

အမိန့်တော်ထဲကသမိုင်း
ဒေါက်တာသန်းထွန်း

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ဂ၄ဂ ဝ၆၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၁ ဝ၃၅ ဝဂ၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံး ဓာတ်ပုံ | - | အပ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၉၃၀

သန်းထွန်း၊ ဒေါက်တာ
အမိန့်တော်ထဲကသမိုင်း / ဒေါက်တာသန်းထွန်း ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁၊
စာမျက်နှာ ၁၉၂ မျက်နှာ၊
၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) အမိန့်တော်ထဲကသမိုင်း

၂၀၁၁၊ အောက်တိုဘာလ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂,၃၀၀ ကျပ်

mgyoe.com

mgyoe.com

# အမိန့်တော်ထဲကသမိုင်း

## ၁

ရှင်ဘုရင်က အမိန့်ပေးတယ်ဆိုတာ ပါးစပ်နဲ့ပဲ ပြောလိုက်တာပဲ။ အမိန့်တော်ကို ပုဂံခေတ်ကျောက်စာမှာ တုယ်တင်(တွေးတော်)လို့ပါတယ်။ နားခံတော်ကမှတ်ပြီး သက်ဆိုင်တဲ့လူဆီ သွားတယ်။ ပါးစပ်နဲ့ပဲ အမိန့်တော်ပြန်တယ်။ နားထောင်တဲ့လူက ဒူးတုပ်ပြီး နားထောင်ရတယ်။ နားခံတော်က အမိန့်တော်ပြန်တဲ့အခါ အမှားအယွင်း အတိမ်းအစောင်းမရှိရအောင် လိုရင်းအချက်ကို စာနဲ့တေးထားတယ်။ တစ်နေ့ကုန်ရင် တစ်နေ့တာ ရှင်ဘုရင်ပြောသမျှကို တပေါင်းတည်း မှတ်ထားတယ်။ နေ့စွဲတပ်တယ်။ နားခံတော်နာမည်ထည့်ထားတယ်။ အဲဒါကြောင့် တစ်နေ့တည်း ရှင်ဘုရင်ရဲ့စကားတွေဟာ အကြောင်းစုံပါပြီး ဖြစ်နေတယ်။ စာပိုဒ်လည်း ခွဲလေ့မရှိ။ စာအမျိုးအစားသန့်ထားတာလည်း မဟုတ်။ သိပ်စောတဲ့ အမိန့်တော်တွေဆိုရင် ဘယ်နေ့ဘယ်နားခံဆိုတာတောင် မပါတဲ့အခါ မပါဘူး။ ကုန်းဘောင်ခေတ်နောက်ပိုင်းမှာ နန်းတွင်းကိစ္စကို နေ့စဉ်မှတ် ပုရပိုက်ဘုရားဆိုတဲ့ နာမည်နဲ့ မှတ်တမ်းထားတယ်။ အမိန့်တော်က နေ့စဉ်မှတ် မဟုတ်ဘူး။ အဲဒီအချက်တွေကြောင့် အမိန့်တော်ကို ပါးစပ်ရာဇဝင်အမျိုးအစားမှာ ထည့်ပါတယ်။ အမိန့်တော်က သမိုင်းအထောက်အထား အများကြီးရတယ်။ နောက်ပိုင်းရေးတဲ့ ရာဇဝင်တွေရဲ့ ကွက်လပ်ကို ဖြည့်နိုင်တယ်။ အမှားကို ပြင်နိုင်တယ်။ အမိန့်တော်ထဲက သမိုင်းဆိုင်သမျှကို ရွေးကောက်ပြီး တိုင်းပြည်၊ လူမျိုး၊ အုပ်ချုပ်သူ၊ တရား

mgyoe.com

mgyoe.com

ဥပဒေနဲ့ ကိုးကွယ်ယုံကြည်မှုဆိုပြီး အခန်းငါးခန်းခွဲပြီး ပြောပါမယ်။

တိုင်းပြည်

မြန်မာလို ခေါ်ရင် အစပထမလူမျိုးကိုပဲ ခေါ်တာဖြစ်တယ်။ နောက်နေရာ တစ်နေရာတည်းမှာပဲ မြန်မာတွေ အနေကြာတော့ သူတို့နေတဲ့ နေရာကိုပါ မြန်မာစု၊ မြန်မာရွာ၊ မြန်မာပြည်လို့ ခေါ်တယ်။ မွန်ကျောက်စာ (ခရစ် ၁၁၀၂) ထဲမှာ မြန်မာကို မိရ်မာ(မွန်ကျောက်စာ ၉ခ/၄၂၊ ဒီ ၂၄၊ အိပ်ချ် ၁၂)လို့ ရေးထားတာ တွေ့ရတယ်။ ထိလိုင်မင်း ၁၀၈၄–၁၁၁၃ လက်ထက် နန်းတော်သစ်ဆောက်တဲ့အခါ မွန်၊ ပျူနဲ့ မိရ်မာ လက်သမား တွေပါတယ်လို့ ဆိုပါတယ်။ အဲဒါ မြန်မာနိုင်ငံရဲ့ ကျောက်စာတွေထဲမှာ အစောဆုံးတွေ့ရတဲ့ မြန်မာအကြောင်းပဲဖြစ်ပါတယ်။ မြန်မာကျောက်စာတွေ မှာတော့ အစောဆုံး ခရစ် ၁၁၉၀ (ပုံ ၁၀ က/၂၀)မှာ မြန်မာလို့ ရေးတာ တွေ့ပါတယ်။ နောက် ခရစ် ၁၃၁၂ (ပုံ ၄၄၆ ခ/၂)နဲ့ ခရစ် ၁၃၄၂(ပုံ ၄၆၉/ က/၂)မှာ မြမ္မာလို့ တွေ့တယ်။ မြန်မာပြည် (ပုံ ၈၇/၁)လို့ ခရစ် ၁၂၃၈ မှာ တွေ့တယ်။ ပြည်ဆိုတဲ့ ရှေးမြန်မာစကားဟာ မင်းနေပြည်(မြို့တော်)ကို ဆိုလိုတယ်။ ပြည်ဟာ မဏ္ဍလကို ဆိုလိုပါတယ်။ သိပ်ကျယ်ပြန့်သွားတဲ့ အခါမှ နိုင်ငံဆိုတဲ့ စကားလုံးကို သုံးပါတယ်။ အဲဒီလိုပဲ ယာယီ ယူဆထား ကြပါတယ်။ မြန်မာလွင်ပြင်ကို မြန်မာတွေ ရောက်လာကြပြီး အခြေတကျ နေထိုင်ကြတဲ့အခါ 'ပထမအခြေချ'(Luce 1940/287)တဲ့ နေရာတွေကို ဆယ့် တစ်ရွာ(ပုံ ၁၆၂/၂၄၊ ၂၅)လို့ ခေါ်လေ့ရှိပါတယ်။ ခရစ်ကိုးရာစု နှစ်လယ် (Luce 1959,80) ကပဲ ဝင်ရောက်လာပုံရပါတယ်။ ရောဝတီမြစ်ဝှမ်းက ပျူ အများစု နေခဲ့ပြီး 'မီးရထားလမ်းတစ်လျှောက်' မှာတော့ မွန်တွေနေခဲ့တယ် လို့ အလွယ်တကူ သတ်မှတ်ရပါတယ်။ ဒီလို အနောက်မြောက် အရှေ့မြောက် ဘက်တွေက နောင်မြန်မာဖြစ်မယ့်လူတွေ မြန်မာပြေပြန့်ကို ဝင်လာကြတယ် ဆိုတာ မကြိုက်သူ၊ ကန့်ကွက်သူတွေ ရှိပါတယ်။ Paleoanthrpologist တွေ လည်း ကန့်ကွက်တဲ့အထဲမှာ ပါပါတယ်။ ဒါပေမယ့် သူတို့ကလည်း သိပ်ပြီး ခိုင်ခံ့အောင် မပြောနိုင်ကြသေးလို့ အခုမှန်းဆချက်ကို အလွယ်တကူ သတ်မှတ်တယ်။ ယာယီ ယူဆတယ်လို့ပဲ ပြောကြပါစို့။ အခုပြောသလို နောင်မြန်မာဖြစ်လာမယ့်အစုဟာ ရောဝတီမြစ်ဝှမ်း မီးရထားလမ်း

mgyoe.com

တစ်လျှောက်က ပျူနှင့် မွန်တွေဆီမှာ သူတို့မှာ မရှိသေးတဲ့ စိုက်ပျိုးမွေးမြူရေးအသိတွေကို သင်ယူရတာ ဖြစ်မယ်လို့လည်း တွက်ဆတယ်။ ခရစ်နှစ် ၈၃၂ နဲ့ ၈၃၅ မှာ သူတို့ဟာ နန်ကျောင်တပ်ဦးမှာ ပါလာပြီး ပျူနှင့်မွန်ပြည်တွေကို ဖျက်ဆီးခဲ့တယ်လို့ အခုထိ ခိုင်တယ်လို့ ထင်ရတဲ့ တရုတ်မှတ်တမ်းတစ်ခုအားကိုးနဲ့ ဒီလိုပြောသူကလည်း ပြောပါတယ်။ ပါးစပ်ပြောတိုင်း မယုံရဘူး။ ပြောသလို အဖြူပေါ် အမည်းတင်ပြီး ရေးထားတိုင်းကောယုံရမလားလို့ မေးရင်လည်း ရှေးဟောင်းသုတေသနနည်းအရ တူးဖော်တွေ့ရှိချက်နဲ့ တိုက်ဆိုင်စစ်ဆေးရမယ်။ တူးဖော်နိုင်စွမ်း မရှိသေးမီ ဘာသာဗေဒ၊ သတ္တဗေဒနည်းတွေနဲ့ စကားပြောဝေါဟာရနဲ့ အသံထွက်တွေကို စစ်ရမယ်။ ဘယ်အမျိုးကိုမှ နိုင်နင်းအောင် မလုပ်ရသေးခင် ဘယ်ဟာမှ အတိအကျပြောလို့မရနိုင်ဘူး။ ဥပမာ ပုံတောင်ပုံညာမှာတွေ့တဲ့ ကျောက်ဖြစ်ရုပ်ကြွင်းအံသွားနဲ့ မေးရိုးအစိတ်အပိုင်းကို အေးအိုးဆင်း(Eocene)အရင်အနှစ် ၅၈ သန်းက ၃၅ သန်း အထိကာလက သတ္တဝါဖြစ်တဲ့ အံပိဝိသေကပ်စ် Amphipithecusဖြစ်တယ်ဆိုရင် အဲဒီပုံတောင်ပုံညာသတ္တဝါကို အရင်အနှစ် ၉၀ လောက်က ဖြစ်စရာရှိတယ်ဆိုရင် အလွယ်တကူ လက်သင့်ခံနိုင်စရာရှိတယ်။ နွယ်ခွေ(ချောင်းဦးအနီး ရွှေမြင်တင်တောင်ရိုးစွန်းက) ဟိုမိုအိရက်တပ်(Homo erectus)ကို အခုမရှိတော့တဲ့ လူသားမျိုးနွယ်ဝင်(Extinct human species)ကို ကမ္ဘာတစ်ဝှမ်း သိပ္ပံပညာရှင်တွေက ၁.၃သန်း (အရင်နှစ်တစ်သန်းသုံးသိန်း)က ၃၀၀၀၀(သုံးသိန်း)ထိကာလက ဖြစ်တယ်လို့ သက်သေတွေကို ညှိပြီးပြောဆဲ မှာပဲ မြန်မာပညာရှင်က အရင်နှစ် နှစ်သိန်းက ဖြစ်မယ်လို့ ပြောတဲ့အခါ ဘာအထောက်အထားနဲ့ ပြောတာလဲ။ မှန်းဆ (guess)ဖြစ်ပေမယ့် သတိထားပြီး မှန်းဆ(Studied guess)မဟုတ်ဘူးလို့ ပြေတာခံနေရတယ်။ တကယ်လို့ ပတ်ဝန်းကျင်က ကျောက်ဖြစ်တိရစ္ဆာန်ရိုး၊ ကျောက်လက်နက်အပဲ့ငယ်အစသေး သစ်သီးသစ်ပင် သစ်ပွင့်ဝတ်ဆံ (pollen)တွေကို အများကြီးတွေ့တယ်ပြော၊ တစ်စမျှကောက်ပြီး ရှင်းလင်းတင်ပြပြောဆိုထားတာ မရှိလေတော့ သူ့စကားကို အလေးအနက် မထားချင်ကြဲဘူး။ ဆက်ပြီး ကြိုးစားရှာဖွေ စစ်ဆေးရင် သူလည်း မှန်ချင်မှန်မယ်ဆိုပါတော့။ အခုထိ တွေ့ရှိချက်တွေကို စုပြီး တိုက်ဆိုင်ကြည့်တဲ့အခါ ရှေးကျတဲ့လူသား (Archaic Homo Sapiens) ကို အရင်နှစ် ၃၀၀၀၀၀

mgyoe.com

mgyoe.com

(သုံးသိန်း)က ၂၀၀၀၀၀(နှစ်သိန်း)အတွင်းမှာ တွေ့ရပြီး ခေတ်လူသား (Modern Homo Sapiens)ဟာ ၄၀၀၀၀(လေးသောင်း) က ၃၀၀၀၀ (သုံးသောင်း) အတွင်းပေါ်လာပြီး (Campbell 1985, 367) လို့ ခွဲယူထားကြဆဲ ဖြစ်ပါတယ်။

မြန်မာဟာ နွယ်ခွေလူတွေကပဲ ဆင်းသက်မယ်ဆိုတဲ့စကားကို ခေတ္တ ရပ်ထားပြီး စောစောက အယူအဆကိုပဲ ပြန်ကောက်ရင် ကျောက်ဆည်နယ် က ရွာဆယ့်တစ်ရွာနာမည်တွေကို ပြန်ကြည့်ပါ။

ပင်လယ်
ပ္လွင်မနာ(ပျဉ်းမနား)
မ္လသာ(မြစ်သား)
ရင့်(ရွာမုန်ကြီး)
မြင်ခုန်တိုင်
ပနန်
တမုတ်
သင်တောင်
မက္ခရာ
တပ္လက်သာ
ခံမ္ဘူ

ဒီနာမည်တွေထဲမှာ မြစ်သာ၊ မြင်ခုန်တိုင်၊ တမုတ်နဲ့ သင်တောင်ပဲ မြန်မာနာမည်ဖြစ်မယ်။ ကျန်တာတွေက မြန်မာနာမည်မဟုတ်လို့ သူများ တည်ဆောက်ပြီး မြို့ရွာ(ဥပမာပုဂံ)ကို မြန်မာက ဝင်နေတာ ဖြစ်မယ်။ ကျန်နာ မည်တွေက ဂဒူး၊ ရှမ်းနဲ့ မွန်နာမည်တွေလို့ ယူဆချင်ကြတယ်။ ဒီလူတွေဟာ အခုပြောတဲ့ နေရာတွေမှာ ဆည်ရေသောက်စပါး စိုက်နည်းနဲ့ လယ်တည် ခဲ့ကြပြီးဖြစ်တယ်လို့ ထင်တယ်။ ဒီစကား ပွတ်သီးပွတ်သပ် ဆက်စပ်ယူရတဲ့ စကားတွေဖြစ်တယ်ဆိုတာကို မေ့လို့မဖြစ်ဘူး။ အဲဒီကဆက်ပြီး ပွားလာပြန် တာက ဧရာဝတီမြစ်ကိုစုန်ပြီး မင်းဘူးနယ်မှာ ခြောက်ရွာ (ခြောက်ခရိုင်၊ ပုံ ၃၁/၁၁)ကျက်သကိုင်[၁]၊ကျန်ရပ်၊ စကု၊ စလင်း၊ မပင်စရ[၂]၊ မရိုင်ကုန်၊ ယပကာဝ်[၃]၊ ရွာသာ၊ လမ္ဗပ္လ[၄]၊ လည်ကိုင်၊ အောလိုင်[၅] ဆိုတဲ့နာမည်တွေ ထဲက ဘယ်ရွာခြောက်ရွာ ဖြစ်မလဲ မသိပါ။ အဲဒီအထဲမှ ကျန်ရပ်၊ မရိုဝ်ကုန်၊

mgyoe.com

mgyee.com

ရွာသာ၊ လည်ကိုင်ဆိုတဲ့ လေးနာမည် လောက်ပဲ မြန်မာဖြစ်မယ်ထင်တယ်။ နောက်ထပ် တောင်ပွန်(တောင်ပြုး) မှာ တိုးချဲ့နေကြသေးတယ်။ ဒီနာမည်လည်း မြန်မာနာမည် စစ်မယ်မထင်၊ ဒီရွာတွေ နယ်တွေဟာ အားလုံးပဲ ဆည်ရေသောက် လယ်ကောင်းရှိတဲ့ နယ်တွေဖြစ်ပါတယ်။

ဆည်ရေသောက်လယ်ကို တိုးချဲ့တဲ့အခါ လယ်သစ်တွေတည်ခဲ့တယ်။ ညံသာတိုက် (မြေတူးနယ်) တမာခါတိုက် (ဆိတ်ဖြူနယ်) ပုဇင်တိုက် (စလင်းချောင်း) ပင်တ္တို(ဆားလင်းကြီး) ပန်ခင်(တပယင်း)မှ မုဆိုးခြုံ၊ မုဆိုဖိုစ်(ရွှေဘို)၊ မုန်တောင်(ဖအိုင်)၊ လတိုဝ်(ဝက်လက်) ဆိုတဲ့ နေရာတွေပါပဲ။ နာမည်ဘေးက အခုခေတ်ဖြစ်တဲ့ နီးစပ်တဲ့နာမည်တွေကို ရေးထားပါတယ်။ စစ်ကိုင်းကစပြီး ဧရာဝတီမြစ်ကြီးဟာ မြောက်ကတောင်ကို စီးရာက အရှေ့က အနောက်ကို စီးတယ်။ အဲဒီ အရှေ့အနောက်မြစ်ကြောင်းကို အလယ်မျဉ်းထားပြီး မျဉ်းအထက်(မြောက်)ကို သုနာပရန္တ(တန်တားဦး နိဂြောဓာရုံကျောက်စာ ၉၊ စာရင်း ၁၀၈၄ က၊ ၅၊ ၁၅) မျဉ်းအောက် (တောင်)ကို တံ့ပ္ပတိတ်(မွန်ကျောက်စာ ၁ ခ၊ ၂၅–၂၆၊ ပုံ ၂၇၁၊ ၂၇–၃၀၊ ပုံ ၄၆၁ ခ၊ ပုံ ၄၈၁ ခ/၄)၊ ပုဂံခေတ်လွန်တော့ ဒီနာမည်တွေမှာ တိုင်းတစ်လုံးစီတိုးပြီး သုနာပရန္တတိုင်း၊ တမ္ပဒီပတိုင်းလို့ ခေါ်ပါတယ်။ ဆန်အထွက်ကောင်းတဲ့ နယ်ကို တွင်း(တင် ၂၊ ၁၉၃၂၊ ၁၄၁။ ၁၉၆၅း ၁၂၀) လို့လည်း ခေါ်တယ်။ တွင်းနဲ့ ကာရန်ညီတဲ့လင်းကိုလည်း တွင်းစာရင်းမှာထည့်ပြီး 'တွင်းလေးတွင်း' ဟာ ချင်းတွင်း (စစ်ကိုင်းခရိုင်)၊ စလင်း(မင်းဘူးခရိုင်)၊ တောင်တွင်း (မကွေးခရိုင်)နဲ့ လယ်တွင်း(မန္တလေးခရိုင်)တွေပါ။

သတိုင်းမင်းဖျား ၁၃၆၄–၁၃၆၇ အင်းဝကို ၁ ဖေဖော်ဝါရီလ ၁၃၆၅ (မှန်နန်း၊ ၁၊ ၁၉၆၇၊ ၃၉၄)တည်တယ်။ ဧရာဝတီမြစ်နဲ့ ဒုတ္ထာဝတီ(မြစ်ငယ်) ဆုံရာမှာဖြစ်လို့ အခွဆုမ်(မှန်နန်း၊ ၁၊ ၁၉၆၇၊ ၃၉၄)လို့လည်း ခေါ်တယ်လို့ ဆိုပါတယ်။ သတိုးမင်းဖျားက သုံးနှစ်လုံးလုံး မပြတ်မလပ် စစ်တိုက်(မှန်နန်း ၁၊ ၁၉၃၂၊ ၄၀၅) ပြီး ပိုင်နက်တိုးချဲ့လိုက်တဲ့အခါ သူ့နိုင်ငံဟာ–

စကု စစ်ကိုင်း၊ ညောင်ရမ်း၊ တကောင်း၊ တပယင်း၊ တလုပ်၊ တောင်ငူ၊ တောင်တွင်းကြီး၊ တောင်ပြုးကြီး၊

ပုခန်းကြီး၊ ပုဂံ၊ ပေါက်၊ မြိုင်၊ ပြည်၊ မကွရာ၊

မြေတူး၊ ရမည်းသင်း၊ ရေလွှဲငါးခရိုင်(မင်းရွာ၊ ထီးလင်း၊ ဆော၊ ယော

mgyee.com

mgyoe.com

နဲ့ လောင်ရှည်)ဝတီးနဲ့ ဝရင်းတုတ်၊

အစုစု တစ်ဆယ့်ကိုးနေရာကိုပိုင်တဲ့ မင်းဖြစ်လာပါတယ်။ အင်းဝပိုင် နက်ဟာ သတိုးမင်းဖျား ဆက်ခံတဲ့ တရဖျား ၃(မင်းကြီးစွာစော်ကဲ) ၁၃၆၇–၁၄၀၀ လက်ထက်မှာ ပိုပြီး ကျယ်ပြန့်လာတော့ အောက်ကစာရင်းအတိုင်း (မှန်နန်း၊ ၁၊ ၁၉၆၇၊ ၄၅၁) ဖြစ်လာပါတယ်။

ကန်းနီ၊ ကျောက်ပန်းတောင်း၊ ချွန်းတောင်း၊ စစ်ကိုင်း၊
စကု၊ စလေ၊ စလင်း၊ စဥ့်ကူး၊ စည်ပုတ္တရာ၊
စည်သာ၊ စေဥ့်ကူး၊ ငါးရာနဲ၊ ညောင်ရမ်း၊ တကောင်း၊
တပယင်း၊ တလုပ်၊ တောင်ငူ၊ တောင်တွင်း၊ ထီးလင်း၊
နတ်မောက်၊ ပဒုံ၊ ပထနဂိုရ်၊ ပုခန်းကြီး၊ ပုခန်းငယ်၊
ပုဂံ၊ ပင်လယ်၊ ပင်းတလဲ၊ ပြင်စည်၊ ပြည်၊
ဗန့်ကျီဆယ်တိုက်၊ မက္ခရာ၊ မင်းတပ်၊ မင်းတုံး၊ မြတောင်၊
မြေထဲ၊ မြေဒူး၊ မြင်စိုင်း၊ ယော၊ ယင်းတော်၊ ရမည်းသင်း၊ ရေနံချောင်း၊ ရွာသာ၊ လယ်ကိုင်း၊ လောင်ရှည်၊
လှိုင်းတက်၊ ဝတီး၊ သရက်၊ သာဂရ၊ သာယာဝတီနဲ့
အမြင့် အစုစု နေရာငါးဆယ်ဖြစ်လာပါတယ်။

အင်းဝ ဟံသာဝတီစစ်ကို ၁၃၈၆ မှာ စတယ်။ ဒီစစ်ကို ၁၄၀၅ မှာ ခဏနားတာကလွဲရင် ၁၄၄၂ တိုင်အောင် တိုက်နေကြတယ်။ ၁၄၀၅ စစ်နားချိန်က မင်းနှစ်ပါး ပြည်ဆံတော်ရှင်စေတီမှာ တွေ့ဆုံပြီး အနောက်တပေါင် တရောင်က အရှေ့ဆပကထိ ကျောက်တိုင်စိုက်ပြီး နယ်ခြားကြမယ်။ (တင်လှသော် ၁၉၅၄၊ ၁၄၆)သဘောတူကြတယ်။ အဲဒီ နှစ်နေရာဟာ ပြည်နဲ့ တောင်ငူအနီးအပါးမှာ ရှိကြမယ်ထင်ပါတယ်။ မွန်–မြန်မာ တိုက်ခိုက်ရေး ကြောင့် နှစ်ဖက်စလုံးမှာပဲ စိုက်ခင်းပျိုးခင်းတွေပျက်ပြီး လယ်ထွက်သီးနှံ ဆုတ်ယုတ်ရတယ်။ ဒီအတောအတွင်းမှာပဲ မြောက်အရပ်က ရှမ်းတွေပေါ် ပေါက်လာပြီး အလယ်မှာရှိတဲ့ မြန်မာတွေ အခက်အခဲအများကြီး ကြုံတွေ့ ရတယ်။ ဘုရင် နရပတိ ၂၊ ၁၅၀၁–၁၅၂၇ ဟာ ၉ မတ် ၁၅၂၇ (မှန်နန်း ၁၊ ၁၃၆)မှာ တိုက်ပွဲမှာ ကျဆုံးတဲ့အခါ ပထမအကြိမ် အင်းဝမြို့တော်သက် ကုန်ဆုံးပါတယ်။ တောင်ငူက မင်းတရားရွှေထီး ၁၅၃၀–၁၅၅၁ ဟာ တောင် ဘက်ကို တိုက်ခိုက်ပြီး ၁၅၃၈ မှာ ဟံသာဝတီမှာ နန်းစံပါတယ်။ ဟံသာဝတီ

mgyoe.com

mgyoe.com

ဆင်ဖြူရှင်၁၅၅၄–၁၅၈၁ က အင်းဝကို ၂၂ ဇန်နဝါရီ ၁၅၅၅ မှာ သိမ်းယူပေမယ့် အင်းဝကို နန်းစိုက်ရာ မြို့တော်ကြီးအဖြစ်နဲ့ မသုံးတော့ပါ။ ဟံသာဝတီဆင်ဖြူရှင်ရဲ့ ပိုင်နက်ဟာ ၁၅၉၃ မှာ အောက်စာရင်း (စာရင်း ၂၀၈၄က၊ ၄–၇)အတိုင်း သတ်မှတ်တယ်။

ကလေး၊ ကသည်း၊ ကမ္ဘောဇ၊ ခန်တီ၊
မေမာဝရ၊ ခွေလုံ၊ စန္ဒာ၊ စိန့်၊ ဇင်ရုံ၊
ညောင်ရွှေ၊ တမလိတ္တိ၊ တမ္ဗဒီပ၊ ပတ်ကျိပ်၊ ဗန်းမော်၊
မဟာနာဂ(ရ)၊ မိုင်းခွင်၊ မိုင်းစည်၊ မိုင်းဉီး၊ မိုင်းပေင်၊
မိုးကောင်း၊ မိုးညှင်း၊ မိုးနား၊ မိုးနဲ၊ မိုးမိတ်၊
မိုးဝန်း၊ သီပေါ၊ သုနာပရမ်၊ သိန်းဝိနဲ့၊ အယုဒ္ဓယ၊

အစုစု နှစ်ဆယ့်လေးနေရာဖြစ်တယ်။ ဒီစာရင်းကို ကောက်ယူချိန်ဟာ ဟံသာဝတီဆင်ဖြူရှင်ရဲ့ တန်ခိုးသြဇာကျဆင်းချိန်၊ လက်နက်နိုင်ငံပြိုခါနီးအချိန်ဖြစ်တယ်။ မင်းကြီးရဲ့ညီတော် မင်းရဲရန္တမိတ်က အပိုင်းစားရတဲ့ညောင်ရမ်းကို ၁၅၉၆ မှာ ရွှေ့ပြောင်းနေထိုင်ပြီး မြို့ရိုးမြို့တာကို ခိုင်လုံအောင် (မှန်နန်း ၃၊ ၁၉၆၇၊ ၉၉)လုပ်တယ်ဆိုတာ လက်နက်နိုင်ငံကြီးပျက်လို့ သူတစ်လူငါတစ်မင်းလုပ်ကြပြီဆိုတာ ထင်ရှားပါတယ်။ ဝန်းကျင်ကို သိမ်းယူရာက အင်းဝကို ၂၇ ဇူလိုင် ၁၅၉၇ မှာ သိမ်းယူနိုင်တယ်။ အင်းဝကို နိုင်ငံအုပ်ချုပ်ရေးအတွက် ဗဟိုဌာန မင်းနေပြည်လို့ ၁၂ ဇူလိုင် ၁၅၉၈ မှာ အမိန့်တော်ထုတ်ပြန်တယ်။ အဲဒီနေ့ဟာ အင်းဝဒုတိယခေတ်စတယ်လို့ မှတ်ယူရပါတယ်။ အင်းဝမှာ မင်းအဖြစ်ကို ၁၃ ဖေဖော်ဝါရီ ၁၆၀၀ မှာ ခံယူတယ်။ ပြီးတော့မှ ရှမ်းနယ်တွေကို အောက်မှာပါတဲ့ အစဉ်အတိုင်း သိမ်းသွင်းတယ်။

မိုးကောင်း၊ မိုးညှင်း၊ ညောင်ရွှေ၊ ဗန်းမော်၊ မိုးနဲ၊ မိုးဗြဲ၊ စကား၊ ရောက်စောက်၊ နောင်မွန်၊ မိုင်းပတ်၊ မိုင်းကိုင်၊ တိကြစ်၊ မိုးမိတ်နဲ့ သိန္နီ။

အနောက်ဘက်လွန် ၁၆၀၆–၁၆၂၈ လက်ထက်မှာ နောက်ထပ် သိမ်းပိုက်နိုင်တဲ့ နေရာတွေက–

ပြည်(၂ ဇူလိုင် ၁၆၀၈) ရက်စွဲတွေက အမိန့်တော်ရက်စွဲတွေဖြစ်တယ်။ တောင်ငူ(၂၄ ဩဂုတ် ၁၆၁၀)၊ သန်လျင် (၁၈ မတ် ၁၆၁၃)၊ ဟံသာဝတီ (၃ မေ ၁၆၁၃)၊ မုတ္တမ(၇ နိုဝင်ဘာ ၁၆၁၃)၊ ထားဝယ် (၁၅ ဒီဇင်ဘာ ၁၆၁၃)၊ တနင်္သာရီ (၂၆ ဒီဇင်ဘာ၊ ၁၆၁၃)၊ ဇင်းမယ် (၂၅ နိုဝင်ဘာ ၁၆၁၄)၊

mgyoe.com

mgyoe.com

လင်းဇင်း(၂၆ နိုဝင်ဘာ ၁၆၁၄)၊ သင်းတွဲ(စက်တင်ဘာ ၁၆၁၅) အင်းဝနိုင်ငံတော်ကို နောင်ခါတိုင်းဆယ်တိုင်း ခွဲတယ်လို့ သိရတယ်။ (စာရင်း ၁၁၀၅ က၊ ၆၆–၇၁)။

(၁) ကမ္ဘောဇတိုင်း၊ ညောင်ရွှေ၊ မိုးနဲ၊ သီပေါ၊ (၂) ခေမာဝရ၊ ကျိုင်းတုံ၊ (၃) ဇေယဝမုကာတိုင်း၊ ကေတုမတီ၊ ဇေယဝတီ၊ (၄) ဇိန်တိုင်း၊ ခွေလုံ၊ ခန္ဒာ၊ ဗန်းမော်၊ (၅) တံပဒီပတိုင်း၊ ပုဂံ၊ ပင်းယ၊ မြင်စိုင်း၊ အင်းဝ၊ (၆) မဟာနာဂရတိုင်း၊ ကျိုင်းရုံ၊ မိုင်းစည်၊ (၇) ရာမညတိုင်း၊ ကုသိမ်၊ ဒဂုံ၊ ဒလ၊ မုတ္တိမ၊ ရောင်မြ၊ ဟံသာဝတီ၊ (၈) သုနာပရန္တတိုင်း၊ ကလေး၊ စကု၊ စလင်း၊ ဖောင်းလင်း၊ လယ်ကိုင်း၊ သောင်သွပ်၊ (၉) သီရိခေတ္တရာတိုင်း၊ ပန်းတောင်း၊ သရေခေတ္တရာ၊ ဥဒေတရစ်၊ (၁၀) ဟရိပုဥ္စတိုင်း၊ ကျိုင်းသေည်၊ ဇင်းမယ်။

နိုင်ငံတော်ကျယ်ပြန့်လွန်းလို့ အမိန့်တော်ထုတ်ရင် မွန်၊ မြန်မာ၊ ယွန်း ဘာသာသုံးမျိုးနဲ့ ထုတ်ပြန်ရတယ်လို့ ပြောပါတယ်။ ဘာသာစကားမျိုးစုံ လူမျိုးပေါင်းစုံရှိနေလို့ ကြားစကား ဘာသာသုံးခုထဲက တစ်ခုခုကိုသုံးမှ အပြန်အလှန် နားလည်နိုင်တယ်ဆိုတဲ့ သဘောပါပဲ။

နိုင်ငံကို တိုင်းရှစ်တိုင်း၊ တိုင်းတစ်ဆယ့်ခြောက်တိုင်းခွဲတယ်ဆိုတာ အိန္ဒိယအလေ့ဖြစ်မယ်ထင်တယ်။ (တင်၊ ၂၊ ၁၉၃၂၊ ၉၃) အိန္ဒိယသြဇာ မသက်ရောက်ခင်က ဆည်ရေသောက်လယ်စိုက်ခင်း စတင်ဖြစ်ထွန်းတဲ့ နေရာကို ခရိုန်(ခရိုင်)လို့ခေါ်ပြီး နောက်မှ ချဲ့ထွင်ပြီး လယ်တည်တဲ့နေရာ တွေကို တိုက်တာကို တွေ့ပါတယ်။ ဒီဝေါဟာရတွေကို အခုထိ သုံးစွဲနေဆဲ ပါပဲ။ နာမည်အခေါ် အပြောင်းအလဲကတော့ ရှိစမြဲဖြစ်တယ်။ မြို့ပျက်တယ်၊ မြို့သစ်တည်တယ်။ သူ့ခေတ်သူ့အခါ အကြောင်းပြချက်အမျိုးမျိုး ရှိကြပါ တယ်။ ဥပမာ အင်းဝကို တည်လိုက် ပျက်လိုက် လေးကြိမ်ရှိခဲ့တယ်။ အင်းဝ ကို ရွှေဝ (၃၀ ဩဂုတ် ၁၅၉၈ အမည်ပြောင်းတယ်။ ရင့်ကို အခုရွာပုံခေါ် တယ်။ တမုတ်၊ သင်တောင်၊ တပ္ပက်သာ၊ ခံမှုတွေ ရွာဆိုကုန်းဖြစ်နေပြီ။ လယ်တွင်းကလည်း စောစောက တစ်ဆယ့်တစ်ရွာဟာ ခုတော့ လယ်ကွင်း ကိုးခရိုင်ဖြစ်နေပါပြီ။

စောလှ*၊ ပင်လယ်၊ မြစ်သား၊ ပျဉ်းမနား၊ မြောင်လှ*၊ မြင်းခုန်တိုင်၊ ပနန်၊ မက္ခရာ၊ မြင်စိုင်း*။

ကြယ်မှတ်က အသစ်ဝင်လာတဲ့ နာမည်။ အဟောင်းတစ်ဆယ့်တစ်

mgyoe.com

mgyoe.com

က စောစောကပြောသလို တမုတ်၊ သင်တောင်၊ တပ္ပက်သာ၊ ခံမှုလေးနေရာ ပျက်သွားပြီ။ ရင့်က စာရင်းမဝင်တော့ဘူး။ တိုက်စာရင်း မှာလည်း ပြောင်းတယ်။ တိုးတယ်။ ဆိုလိုတာက လယ်မြေကျယ်ပြန့်လာတာကြောင့်ပဲ ဖြစ်ပါတယ်။ မင်းအာဏာ ကြီးထွားလေ စစ်သည် အင်အားလိုလေဖြစ်ပါတယ်။ စစ်မတိုက်ရတဲ့အခါ တိုးလာတဲ့လက်နက်ကိုင်တွေဟာ စိုက်ပျိုးရေးဘက်မှာ ဝင်ရောက်ထမ်းရွက်ကြရပြန်ပါတယ်။ အဲဒီလိုဖြစ်လာတော့ တိုက်စာရင်းကို အမိန့်တော်ရက်စွဲနဲ့တွဲပြီး ဖော်ပြနိုင်ပါတယ်။

အရှေ့ဘက်တိုက်(ကျောက်စဉ်တိုက်)၊ ရောဝတီ အရှေ့ဘက်စဉ့်ကူး က မြစ်ငယ်ထိ (၃၁ မေ ၁၆၇၉၊ ၂ ဇွန် ၁၆၇၉၊ ၂၉ နိုဝင်ဘာ ၁၇၈၇၊ ၂၄ ဒီဇင်ဘာ ၁၇၈၇၊ ၄ မေ ၁၇၉၅၊ ၁၂ ဩဂုတ် ၁၇၉၅၊ ၂၅ မေ ၁၈၀၁၊ ၆ ဇူလိုင် ၁၈၀၁၊ ၉ ဖေဖော်ဝါရီ ၁၈၀၆၊ ၂၂ ဇွန် ၁၈၀၆) (ကျွန်တော်တည်း ဖြတ်ပြီး အင်္ဂလိပ်ဘာသာပြန်တဲ့ အမိန့်တော်ပေါင်းချုပ် ၁၀ တွဲမှာ ဖော်ပြပါ ရက်စွဲနဲ့ အမိန့်တော်ကို ရှာကြည့်ရင် ပတ်သက်ရာပတ်သက်ကြောင်း အခြေအနေကိုပါ သိနိုင်မယ်။ ခရစ်နှစ်လရက်ကို သုံးတာကတော့ ကမ္ဘာ့သမိုင်းနဲ့ ယှဉ်သာအောင်တမင်သုံးတာ ဖြစ်ပါတယ်)။

အနောက်ဘက်တိုက်နေရာကတော့ အရှေ့ဘက်တိုက်ရဲ့ ပြောင်းပြန် ဖြစ်တဲ့အပြင် အင်းဝရဲ့ တောင်ဘက် ရမည်းသင်းအထိ နယ်မြေကိုလည်း အနောက်ဘက်တိုက်အဝင်ဖြစ်တယ်လို့ သိရပါတယ်။(၃၁ မေ ၁၆၇၉၊ ၂ ဇွန် ၁၉၇၉၊ ၂၈ နိုဝင်ဘာ ၁၇၈၃၊ ၂၈ နိုဝင်ဘာ ၁၇၈၄၊ ၂၉ ဒီဇင်ဘာ ၁၇၈၄၊ ၂၅ နိုဝင်ဘာ ၁၇၈၆၊ ၁၁ ဇူလိုင် ၁၇၈၇၊ ၁၇ ဒီဇင်ဘာ ၁၇၈၇၊ ၂၆ မေ ၁၇၉၅၊ ၇ ဇန် ၁၈၀၁)။

တောင်ဘက်တိုက် နေရာကတော့ ချင်းတွင်း အနောက်ဘက် ကနီက ပုခန်းကြီးထိဖြစ်တယ်။ (၃၁ မေ ၁၆၇၉၊ ၂ ဇွန် ၁၆၇၉၊ ၁၆ ဒီဇင်ဘာ ၁၇၈၃၊ ၁၅ မေ ၁၇၈၄၊ ၂ အောက်တိုဘာ ၁၇၈၅၊ ၂၉ စက်တင်ဘာ ၁၇၈၇၊ ၉ အောက်တိုဘာ ၁၇၈၇၊ ၁၅ အောက်တိုဘာ ၁၇၈၇၊ ၂၉ နိုဝင်ဘာ ၁၇၈၇၊ ၁ ဧပြီ ၁၇၈၈၊ ၂ ဧပြီ ၁၇၈၈၊ ၁၀ ဇူလိုင် ၁၇၉၅၊ ၇ ဇွန် ၁၈၀၁၊ ၂၂ ဇွန် ၁၈၀၆)။

မြောက်ဘက်တိုက်နေရာကတော့ မုဆိုးဖို မြောက်ဘက်မှာရှိတယ်။ (၁ မတ် ၁၅၆၉၊ ၃၁ မေ ၁၆၇၉၊ ၂ ဇွန် ၁၆၇၉၊ ၁၆ ဩဂုတ် ၁၇၈၃၊ ၁၉

mgyoe.com

mgyoe.com

ဇူလိုင် ၁၇၈၇၊ ၁၄ ဖေဖော်ဝါရီ ၁၇၈၈၊ ၂၈ မတ် ၁၇၈၈၊ ၂၀ ဧပြီ ၁၇၈၈၊ ၁၁ ဩဂုတ် ၁၇၈၈၊ ၁၉ ဩဂုတ် ၁၇၈၈၊ ၁၉ ဩဂုတ်၊ ၁၇၉၅၊ ၁၂ မေ ၁၈၀၁၊ ၁၉ မေ ၁၈၀၁၊ ၂၂ မေ ၁၈၀၁၊ ၇ ဇွန် ၁၈၀၁၊ ၂၃ ဇွန် ၁၈၀၁၊ ၂၃ ဇူလိုင် ၁၈၀၁၊ ၁၅ ဖေဖော်ဝါရီ ၁၈၀၆၊ ၂၂ ဇွန် ၁၈၀၆၊ ၃၁ ဒီဇင်ဘာ ၁၈၀၆)။

မဟာဒါန်တိုက်နေရာက မင်းကင်းရေဦး အနိမ့်တြိဂံဖြစ်တယ်။ (၁မတ် ၁၅၆၉၊ ၃၁ မေ ၁၆၇၉၊ ၂ ဇွန် ၁၆၇၉၊ ၂၄ နိုဝင်ဘာ ၁၇၈၆၊ ၁၁ ဩဂုတ် ၁၇၈၇၊ ၂၉ စက်တင်ဘာ ၁၇၈၇၊ ၃၀ စက်တင်ဘာ ၁၇၈၇၊ ၂၀ ဧပြီ ၁၇၈၈၊ ၂၀ ဖောဖော်ဝါရီ ၁၈၀၆၊ ၂၂ ဇွန် ၁၈၀၆)။

တွင်းသင်းတိုက်နေရာက အရှေ့ဘက် တန်းမူးတစ်လျှောက် ရေဦးက မြောင်၊ တောင်ဘက်တန်း ရောဝတီတစ်လျှောက် ကျောက်တစ်လုံးက တလုပ်၊ အနောက်ဘက်တန်း ချင်းတွင်းတစ်လျှောက် အနိမ့်က ပခန်းကြီး၊ စတုဂံဖြစ်တယ်။ (၁ မတ် ၁၅၆၉၊ ၃၁ မေ ၁၆၇၉၊ ၂ ဇွန် ၁၆၇၉၊ ၂၂ ဇူလိုင် ၁၇၈၄၊ ၂၉ ဒီဇင်ဘာ ၁၇၈၄၊ ၁၈ ဇူလိုင် ၁၇၈၇၊ ၁၁ ဩဂုတ် ၁၇၈၇၊ ၂၀ ဧပြီ ၁၇၉၁၊ ၇ ဇွန် ၁၈၀၁၊ ၂၃ ဇူလိုင် ၁၈၀၁၊ ၂ မတ် ၁၈၀၆၊ ၁၀ ဇွန် ၁၈၀၆)။

ဆင်ခြေတိုက်နေရာက အရှေ့ဘက်မှာ မဟာဒါန်တိုက်နဲ့ တောင်ဘက်တိုက်၊ အနောက်ဘက်မှာ အနောက်ရိုးမ၊ အဲဒီကြားက ရှည်ရှည်မျောမျောနေရာဖြစ်တယ်။ တစ်ခါတစ်ရံ ချင်းတွင်းအနောက်ဘက်ကမ်း ယမားချောင်းနှစ်ခုကြားက ဗကျိုတိုက်ကိုလည်း ဆင်ခြေတိုက်ပဲခေါ်တတ်တယ်။ (၁ မတ် ၁၅၆၉၊ ၃၁ မေ ၁၆၇၉၊ ၂ဇွန် ၁၆၇၉၊ ၁၆ မတ် ၁၆၈၀၊ ၁၇ နိုဝင်ဘာ ၁၆၉၉၊ ၁၉ ဇန်နဝါရီ ၁၇၁၅၊ ၁၆ ဩဂုတ် ၁၇၈၃၊ ၂၉ ဒီဇင်ဘာ ၁၇၈၄၊ ၂၀ ဧပြီ ၁၇၈၈၊ ၃၀ ဧပြီ ၁၇၉၅၊ ၁၅ ဖေဖော်ဝါရီ ၁၈၀၆၊ ၂၂ ဇွန် ၁၈၀၆၊ ၂၈ စက်တင်ဘာ ၁၈၀၆။)

ငါးစို့တိုက် (နေရာမသိ) (၁ မတ် ၁၅၆၉၊ ၁၅ အောက်တိုဘာ ၁၇၈၇၊ ၁၆ အောက်တိုဘာ ၁၇၈၇၊ ၂၀ ဧပြီ ၁၇၈၈)။

အကြမ်းခန့်မှန်းမယ်ဆိုရင် နံ့သာနဲ့ မုဆိုးဖိုဟာ မြောက်ဘက်တိုက်၊ မုဆိုးခြံနဲ့ လတုယ်ဟာ တွင်းသင်းတိုက်၊ ပန်စင်ဟာ မဟာဒါန်တိုက်၊ ပြီးတော့ တဖာခါး၊ ပူစဝ်နဲ့ မုန်တောင်အပါအဝင် ပင်ကျွဲ(ဗကျို)ဟာ ဆင်ခြေ

mgyoe.com

mgyoe.com

တိုက်ဖြစ်တယ်။

ရှင်ဘုရင်က နှုတ်နဲ့မေးတာကို ဘုန်းကြီးတွေက စာနဲ့ရေးဖြေတဲ့ ညောင်ရမ်းခေတ် သွင်းစာ ၁၆၀၀–၁၇၅၀ထဲမှာ ညောင်ရမ်းခေတ်ကို စတင်တဲ့ သီဟသုရမဟာဓမ္မရာဇာ ညောင်ရမ်းမင်း ၁၆၀၀–၁၇၅၀က အင်းဝကို ၁၂ ဇူလိုင် ၁၅၉၈ မှာ မင်းနေပြည်အဖြစ် စတင်အသုံးပြုတယ်။ သူ့ကိုဆက်ခံတဲ့ မဟာဓမ္မရာဇာ အနောက်ဘက်လွန် ၁၆၀၆–၁၆၂၈က တောင်ဘက်တစ်လွှားကို သိမ်းသွင်းတော့ ဆရာတော်တွေကို အရင် အင်းဝပိုင်နက် ဘယ်လောက်ကျယ်သလဲလို့ သူလိုချင်တာ တိုက်ရိုက်မမေးဘဲ ဗုဒ္ဓဘာသာ စည်ပင်ထွန်းကားဖူးတဲ့ နယ်နိမိတ်ကို သိပါရစေလို့ မေးတယ်။ (၈ မေ ၁၆၀၈)၊ အဲဒီအခါ တင်ပြတဲ့ တိုင်း(နယ်)နဲ့ ပြည်(မြို့တော်) စာရင်းမှာ–

ကမ္ဘောဇ မိုးနဲ ညောင်ရွှေ၊
စိမ့် မိုးမိတ် သီပေါ၊
ဇေယမာရ၊ ကျိုင်းတုံ(ဂုမ်)၊
ဇေယဝဓုန ကေတုမတီ၊
မဟာနဂရ၊ ကျိုင်းရုံး(လူး)၊
ရာမည၊ ဟံသာဝတီ၊
သီရိခေတ္တရာမ၊ သရေခေတ္တရာ၊
သုသိမနဂရ၊ မုတ္တမ၊
ဟရိပုဉ္ဇ ဇင်းမယ်။

ထုံးစံအတိုင်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးစ ပထမသင်္ဂါယနာတင်ချိန်ကပဲ ဒီနေရာတွေကို ဗုဒ္ဓအဆုံးအမ ရောက်တယ်လို့ဖြေကြပါတယ်။ **ရှမ်းနယ်**ကိုတော့ တီး၊ ကျိုင်း၊ မိုင်း၊ ထား ဆိုပြီး အမျိုးအစားလေးခုခွဲပြီး **ကိုး**ခုစီပြတယ်။

ကိုးထီး(ထီးဖြူရ စော်ဘွားနယ်)၊ ဗန်းမော်၊ မိုးကောင်း(MONG KAWNG)၊ မိုးညှင်း(MONG YANG)၊ မိုးနဲ (MONG NAI)၊ မိုးဗြဲ(MONG PAI)၊ မိုးမိတ်(MONG MIT)၊ သီပေါ(HSI PAW)၊ အုန်းပေါင်(OLD HSIPAW)။

ကိုးကျိုင်း(နာမည်မှာ ကျိုင်းအစတပ်ထားတဲ့ အရှေ့ဘက်နယ်)။

mgyoe.com

mgyoe.com

ကျိုင်းခုန်(KENG HKAWNG)၊ ကျိုင်းချိုင်း(KIANG KHENG)၊ ကျိုင်းတုံ(KIANG KHENG)၊ ကျိုင်းမယ်(CHIENG MAI)၊ ကျိုင်းရဲ(KIANG HAI)၊ ကျိုင်းရုံ(KENG HUNG)၊ ကျိုင်းလပ်(KIANG TSEN)၊ ကျိုင်းအုပ်(KENG UP)၊

ကိုးမိုင်း(နာမည်မှာ မိုင်းအစတပ်ထားတဲ့ အရှေ့ဘက်နယ် ကလေး)

မိုင်းကိုင်(MONG KUNG)၊ မိုင်းစင်(MONG SIN)၊ မိုင်းစိတ်(MING SIT)၊ မိုင်းတုံ(MONG TUNG)၊ မိုင်းပု(MONG PU)၊ မိုင်းပွန်(MONG PAWN)၊ မိုင်းပတ်(MONG PAT)၊ မိုင်းလာ(MONG LA)၊ မိုင်းအင်း(MONG ING)၊

ကိုးထား(အရှေ့နယ်စပ်အစောင့်ကင်းစခန်း)

ထားစကား(TA SAMKA)၊ ထားစင်(TA SE-AN)၊ ထားပလု(TA PALU)၊ ထားပလိုင်း(TA PHALENG)၊ ထားဖ(TA HPA)၊ ထားဖျံ(TA HPYAN)၊ ထားစိုင်(TA HSAI)၊ ထားစံညွတ်(TA SENUT)၊ ထားအယု(TA AHYU)။

ဆရာတော်ဆက်တဲ့စာရင်းမှာ ဒုတိယသင်္ဂါယနာတင်အပြီး ဗုဒ္ဓအဆုံးအမရောက်တဲ့ ဒေသစာရင်းကို ၁၆၀၈ ခုနှစ် မှတ်တမ်းအရ ရေးပြတယ်လို့ ဆိုပါတယ်။ ဒီတော့ လွယ်လွယ်ပဲ အောက်ကစာရင်းဟာ ၁၆၀၈ ခုနှစ်က စာရင်းလို့ ယူနိုင်ပါတယ်။

ကရညဝတီ(ကဏ္ဍာရဝတီ)၊ ကလေး၊ ကူဆိပ်၊ ကေတု၊ ကေတုမတီ(တောင်ငူ)၊ ကဿနဝတီ၊ ကိန္ဒိပုရ(ဇင်းမယ်)၊ ကျိုင်းနော်၊ ကွန်းထောက်၊ စန္ဒာ(စံထား)၊ ဇေယဝတီ၊ တရိယင်္ဂဒီပ(သန်လျင်)၊ တမ္ဗဝတီ၊ တက္ကိုး၊ ထီးလေးစင်း၊ ထက်သချိုင်(ထီးချိုင့်)၊ ဒီပဲယင်း၊ နန္ဒပူရ စစ်ကိုင်းကြီး(စစ်ကိုင်း)၊ ပင်းသာ၊ ပဲကူး(ဟံသာဝတီ)၊ ပြည်၊ မဟာပြိုင်(မဟာမြိုင်)၊ မုတမော်(မုတ္တမ)၊ မင်းတုန်း၊ ယော၊ လောင်းရှည်၊ သရေခေတ္တရာ၊ သုသိမနာဂရ(ကုသိမ်)၊ သောင်း သွတ် (HSAUNGHSUP)၊ ဥစ္စေနီ။

တတိယသင်္ဂါယနာ(သာသနာနှစ် ၂၁၈၊ ခရစ်မပေါ်မီ ၃၂၆) အပြီး ဗုဒ္ဓအဆုံးအမရောက်ရှိလာတဲ့နေရာ စာရင်းကိုလည်း ၁၆၀၈ စာရင်းအားကိုးနဲ့ ရေးတယ်ပဲ ထင်ရတယ်။ ကြယ်မှတ်ပြတာတွေက မသိတဲ့ နာမည်တွေပါ။

*ကရန်၊ ကူထွတ်၊ *ကန်၊ ကန်နီ၊ *ကျင်း၊ *ကြွေသံဘာရာ၊ ခွင်းဆုပ်၊ ခေါသန္တိ၊ ငရနဲ၊ ငှက်ပျော၊ စကု၊ စရွင်(ဇလွန်)၊ စစ်ကိုင်း၊ စည်ပုတ္တရာ၊

mgyoe.com

mgyoe.com

စန်သ၊ *စိမ့်၊ ဆကျန်၊ ညောင်ပင်၊ တနသ်ာရီ၊ တပယ်၊ တလုပ်၊ ထားဝယ်၊ *ဒကယ်၊ ဒနုဖြူ၊ *ဗိဘိသမ မျောက်၊ ပုဂံ၊ ပုခန်းငယ်၊ ပင်လယ်၊ ပင်းယ၊ ပင်းသာ၊ *ပစ်စနာ၊ ပန်ထိန်၊ ပန်ထွာ၊ ပုခန်းငယ်၊ ပုံတောင်၊ ပြင်စည်၊ ပြည်၊ *ဖူန္တာ၊ ဗဒုံ၊ ဖအိုင်၊ မကွေး၊ မလွန်၊ မုဆိုးဖို၊ မော်ကယ်၊ မော်တုံ၊ မင်းကင်း၊ မြေထဲ၊ မြင်ကွန်း၊ မြင်စိုင်း၊ ယင်းတော်၊ *ယင်း၈၊ *ရတနာတင်းတိမ်၊ *ရာမ၊ ရေကင်းမင်းကြီး၊ ရေနံချောင်း၊ ရေး၊ ရမ်အောင်(ရနောင်)၊ ရွာပုကြီး၊ လယ်ကိုင်း၊ ဝတီး၊ ဝဂရု၊ ဝက်မစွတ်၊ *သရတောင်၊ *သရနတန်၊ သာဂရ၊ *သုကျိပ်မြောက်၊ *သစ်ကြက်သ၊ သမြင်တုံ၊ သိမ်၊ ဟင်းသတ၊ အမြင့်၊ အောပန်လက်၊ *အောင်ခွပ်မြောက်။

စာရင်းအားလုံးပြီးတဲ့အခါ စဥ်းငယ်သိတော်မူသာရုံ ပြောပြတာဖြစ်တယ်လို့ မှတ်ချက်ရေးပါတယ်။ တချို့နာမည်တွေကို အခုခေတ်နာမည်ဘာဖြစ်မလဲ မပြောတတ်တာတွေပါတယ်။ စာရင်းပြုစုသူကိုယ်တိုင်မှ သိပါရဲ့လားလို့လည်း သံသယဖြစ်မိတယ်။ ဘုရင်က ပြောတဲ့စကားကိုလိုက်ပြီး စာရင်းမဖြစ်ဖြစ်အောင် လုပ်ပေးဟန်တူတယ်။ ဘုရင်ပြောပုံက–

> သီရိဓမ္မာသောကမင်းကြီးလက်ထက် မြို့ တိုင်း ခရိုင် နိုင်ငံနှင့်တကွ အရေအတွက် ၈၄၀၀၀ ပွားရကား အချင်းအားဖြင့် မှတ်သော် အနောက်ဘက်တိုက်၊ အရှေ့ဘက်တိုက်၊ တောင်ဘက်တိုက်နှင့် မြောက်ဘက်တိုက်ဝန် စချီစမြောင် ကလန်သံပြင် မြေတိုင် မြေထိန်းရှိသော မြို့ရွာတိုင်းသည်ကား အဘယ်မျှ တတိုက်ဝယ် ဦးရေမြို့ရွာရှိသနည်း(၈ မေ ၁၆၀၈)။

ဆိုလိုတာက ၈၄၀၀၀ ရှိပေမယ့် အဲဒီအရေအတွက်ပြည့်အောင် စာရင်းပြုဖို့ မလိုဘူးလို့ ပြောစကားမှာပါတော့ ဆရာတော်ကလည်း သိတာနဲ့ မသိတာရောပြီး စာရင်းတစ်ခုဖြစ်အောင် လုပ်ပေးဟန်တူပါတယ်။ ရှင်ဘုရင်ကလည်း အသောကမင်းက ဆင်းသက်တဲ့ စကြဝတေးမင်း(၂၂ နိုဝင်ဘာ ၁၆၂၈၊ ၁၁ နိုဝင်ဘာ ၁၆၂၉)ပဲလို့ ထင်နေဟန်ရှိပါတယ်။ တိုက်နဲ့ပိုင်းဖြတ်ပြီး စာရင်းလုပ်ပြတဲ့အခါ ဒီလိုတွေ့ပါသေးတယ်။

**အနောက်ဘက်တိုက်**

စေတုတ္တရာ၊ ဆားလင်းကြီး၊ ဆုမ်ထား၊ ဆင်ရန်၊ တရား၊ ထိပ်မြဲ၊ ပုခန်းကြီး၊ ပုပ္ပား၊ ဖြစ်သီး၊ ဘောင်လင်း၊ မိတ္ထီလာ၊ လင်္ကတော။

mgyoe.com

mgyoe.com

**အရှေ့ဘက်တိုက်**

ဆူးခါး၊ တောင်ကျင်း၊ တောင်ပြုန်းကြီး၊ တောင်ပြုန်းငယ်၊ တောင်မြင့်၊ တောင်သမန်၊ ထီးပေါင်းကား၊ မတဲ၊ မတ္တရာ၊ အောင်ပင်လယ်။

**တောင်ဘက်တိုက်**

စောလှ၊ နတ်မောက်၊ ပနန်၊ ပင်းတလဲ၊ ပင်လယ်၊ ပင်း၊ ပစ်မနာ၊ မက္ကရာ၊ မိတ္ထီလာ၊ မြင်စိုင်း၊ မြစ်သား၊ မြောင်လှ၊ ယင်းတော၊ လှိုင်းတက်၊ သာဂရ။

**မြောက်ဘက်တိုက်**

ကဲပါ၊ နကင်း၊ ညောင်ကန်၊ တလဲပ၊ တက်သချိုင်၊ တန်တော၊ ဒီပဲယင်း၊ နဂါးပေါ်၊ ပတတ်တိုင်၊ ပဒုံ၊ ပဲတောင်၊ ပဲဟု၊ မန်၊ ဟင်းသာ၊ အမြင့်။

**ဆင်ခြေတိုက်**

တွင်းသင်းတိုက်၊ မဟာဒါန်တိုက်ဆိုတာတွေ ရှိပါသေးတယ်။ ဒါပေမယ့် ရွာစာရင်း မပေးထားဘူး။

သဒ္ဓမ္မဝံသ(ကျောင်းသစ်၊ စဥ့်ကူး)ဆရာတော်က ၁၇၅၀ ပြည့်နှစ်က နယ်မြေအပိုင်းအခြားနဲ့ လူမှုသဘာဝတချို့ကိုပါ ထည့်သွင်းဖော်ပြခဲ့ဖူးပါတယ်။

မြန်မာနိုင်ငံ တိုင်းဆယ်တိုင်းနဲ့ လူမျိုးစရိုက်(၁၇၅၀ ပြည့်ဝန်းကျင်)

(၁) ကမ္ဗောဇ၊ နယ်နိမိတ်–အရှေ့သံလွင်၊ တောင်မိုးဗြဲ၊ အနောက်သုံးဆယ်၊ မြောက်သိန္နီ၊
ရာသီဥတု–မပူမအေး မျှတ၊
မြေမျက်နှာပြင်–တောင်ကုန်းချိုင့်ဝှမ်းပေါများ၊ ချောင်းမြောင်း၊ စမ်းရေထွက်ပေါများ၊
လူ–အသားလတ်၊ စိတ်သဘောထားတည်ငြိမ်၊ ဉာဏ်မသွက်၊ ဆန္ဒနည်း၊

(၂) ခေမာဝရ၊ လက်ရှိမြို့ရွာ–ကျိုင်းသေည်၊ ကျိုင်းမယ်၊
ရာသီဥတု–(မပူမအေး မျှတ)၊
မြေမျက်နှာပြင်–တောင်ကြီးမြင့်မြင့်၊ စိုက်ခင်းကောင်းတဲ့ တောင်ဝှမ်း၊ ကောက်ပဲစုံ စိုက်ပျိုး၊ သီးနှံရသရှိ၊
လူ–လူတိုင်း ပုံပန်းသဏ္ဌာန်ခွဲမရအောင်တူ၊ အားလုံး ကျန်းမာသန်

mgyoe.com

mgyoe.com

စွမ်း၊

(၃) **ခေတ္တ**၊ လက်ရှိမြို့ရွာ–သန်လျင်၊ ဒဂုံ၊ သရေခေတ္တရာ၊
ရာသီဥတု–
မြေမျက်နှာ–
လူ–အမျိုးသမီးချော၊ ဉာဏ်သွက်၊ ယဉ်ကျေး၊ လူသုံးမျိုးခွဲ (အသည်၊ စစ်သည်၊ ကုန်သည်)၊

(၄) **စိန**၊ လက်ရှိမြို့ရွာ–မိုးမိတ်၊ မိုးနည်း၊ မိုးကောင်း၊ ဗန်းမော်၊ ဝန်းသို၊ ကိုလန်း၊
ရာသီဥတု–
မြေမျက်နှာပြင်–ကန်ချောင်းပေါများ၊ သစ်ကြီးဝါးကြီး၊ သစ်တောထူထပ်၊ သားရဲတိရစ္ဆာန်ပိုးမွှားပေါများ၊ နုန်းမြေရှိ၊
လူ–အင်္ဂရုပ်ကြမ်း၊ မျက်နှာသေ၊ လိုအင်ဆန္ဒနည်း။

(၅) **တမ္ဗဒိပ**–လက်ရှိမြို့ရွာ–ပေါက္ကံ၊ ကေတုမတီ၊ ကိုးခရိုင်၊ ကျော်စဉ်၊
ရာသီဥတု–လေထန်
မြေမျက်နှာပြင်–သဲမြေ၊ အုန်းထန်းသရက်ကောင်း၊
လူ–အမျိုးသား တင့်တယ် သန်စွမ်း၊ ယဉ်ကျေး၊

(၆) **မဟာနဂရ**၊ လက်ရှိမြို့ရွာ–ကျိုင်း(ရုံ)၊ မိုင်း(ယမ်း)၊ ရှိသမျှမြို့ရွာများ အစုလိုက်ဖွဲ့စည်းထားသလို နေကြ၊ လူမနေတောများသေး၊
ရာသီဥတု–
မြေမျက်နှာပြင်–
လူ–ခက်ထန်ကြမ်းကြုတ်၊ အစားအသောက်ကြမ်း၊ ရောင်းဝယ်ဖို့ ခရီးဝေးသွားရ၊

(၇) **ရာမည**၊ လက်ရှိမြို့ရွာ–မုတ္တမ၊ ပဲခူး၊ ဟံသာဝတီ၊
ရာသီဥတု–
မြေမျက်နှာပြင်–မြစ်၊ အင်း၊ အိုင်၊ ထုံးပေါများ၊ ဆားပေါက်မြေရှိ၊ ဆားကောင်းထွက်၊
လူ–သွက်လက်၊ အသားမှာ မဲ့ပြောက်ပေါ၊ အသားညို၊

(၈) **သုနာပရန္တ**၊ နယ်နိမိတ်–အရှေ့ဧရာဝတီ၊ တောင် စစ်ကိုင်း၊ အနောက် ချင်းတွင်း၊ မြောက် မြေတူး၊

mgyoe.com

mgyoe.com

ရာသီဥတု–
မြေမျက်နှာပြင်–သိပ်သည်းမြေ၊ ဆားပွင့်၊ ထန်းလျက်ထွက်၊
လူ–အပင်ပန်းခံနိုင်ရည်ရှိ

❐

mgyoe.com

mgyoe.com

## ၂

အမိန့်တော်ဟာ မူလက နှုတ်မိန့်ဖြစ်လို့ ပါးစပ်ရာဇဝင်အမျိုးအစား မှာထည့်ပြီး အမိန့်တော်ထဲမှာ ပါသမျှသမိုင်းစကားတွေနှင့် တိုင်းပြည် အကြောင်း ရေးခဲ့ပါတယ်။ အခုဆက်ပြီး အနီးအပါးနိုင်ငံတွေနှင့် ဆက်ဆံ ရေးကို ပြောချင်ပါတယ်။

ကျော်ပုဂံ(ဗီယက်နမ်)ကို နေမျိုးသီရိသူရ နော်ရထာလွှတ်တယ်။ မသွားမီ နှစ်နိုင်ငံပေါင်းပြီး အရေးကြုံလျှင် ခံစစ် ထိုးစစ် ပူးတွဲလုပ်ကြတဲ့ အထိ မဟာမိတ်ဖြစ်လာအောင် သဘောတူညီချက်စာချုပ် ချုပ်ဖြစ်ရမယ်။ ဒီလို စာချုပ်ဖြစ်ဖို့ ကိုယ့်နိုင်ငံရဲ့ အင်အားအစွမ်းကြီးမားကြောင်းကို တစ်ဖက် က အားကိုးလာချင်အောင် ပြောခဲ့လို့ မှာတယ်(၂၅ ဧပြီ ၁၈၂၂)။ ဒီလိုပြော နိုင်ဖို့ အချက်အလက်တွေ မှတ်သွားလို့ခိုင်းတယ်။ ဒီလို ကြွားစရာမှတ်ဖို့ အချက်တွေက–

မြန်မာမင်း ဩဇာရှိတဲ့ နယ်နှင့်မြို့တော်

| | |
|---|---|
| ခေမာရဋ္ဌ။ | ကျိုင်းတုံ (Keng Tung)၊ မိုးဖြဲ (Mong Pai)၊ |
| | သိန္နီ(Hsenwi)၊ အုန်းဘောင်(Hsipaw)၊ |
| ဂန္ဓာလ။ | မိုးမိတ်(Mong Mit) |
| စိန ။ | ဗန်းမော် |
| ဧေယဝဓုန။ | ကေတုမတီ(တောင်ငူ) |

mgyoe.com

mgyoe.com

| | |
|---|---|
| တမ္ဗဒီပ။ | အရိမဒ္ဒန(ပုဂံ) |
| ဒွရက။ | ထားဝယ် |
| နဂသုန္ဒ။ | မဏိပူရ |
| မဟာဝိတိကရက္ခပုရ။ | ဧညဝတီ (မြောက်ဦး)၊ ရမ္မဝတီ (ရမ်းဗြဲ)၊ မေဃဝတီ (မန်အောင်)၊ ဒွါရဝတီ(သံတွဲ) |
| မောရိယ။ | ကလေး |
| ရာဇဂ်လ။ | မိုးကောင်း (Mong Kawng) |
| ရာမည။ | ဟံသာဝတီ(ပဲခူး)၊ |
| လောန။ | မြိတ်၊ တနင်္သာရီ |
| သီရိခေတ္တရာ။ | ပြည် |
| သုနာပရန္တ။ | ရတနာသိင်္ဃ ကုန်းဘောင်(ရွှေဘို) |
| အသမသက္ကဒေဝ။ | ဂေါရရဂ်ပုရ |
| အလဝိပုရ။ | မိုးညှင်း (Mong Yang) |

အခု ဖော်ပြပြီးဖြစ်တဲ့ ပြည်နယ်နှင့် မြို့တော်တွေမှာပါဝင်တဲ့ မြို့ကြီးတွေက–

ကနောင်

ကသာ

ကောလင်း

ကောင်းတုံ

ကန်းနီ

ကျပင်း

ကျောက်ကြီး

ကျောက်ဆောင်သုံးမြို့

ကျောက်ပန်းတောင်း

ကျောက်မော်

ကျောက်မြောင်း

mgyoe.com

mgyoe.com

ကျောက်ရန်း
ကျောက်ရစ်
ကြံခင်း
ကြံညှပ်
ခပေါင်း
ခေါသန္တိ
ခေါင်းတုံဆယ်ရွာ
ခမ်းပတ်
ချွန်းတောင်း
ငဘဲ
ငမြံာ
ငရနဲ
သေရောက်
စကု
စကျင်
စလေ
စလင်း
စောလှ
စစ်တောင်း
စုံး
စဥ့်ကူး
စည်ပုတ္တရာ
စမ္ဘနဂိုရ်
ဆော
ဇရွှမ်(ဇလွန်)
ညောင်ရမ်း
ညောင်အုပ်
တကောင်း
တပယင်း

mgyoe.com

mgyoe.com

တရုပ်မော်
တဲလုပ်
တုရှင်းတိုင်
တောင်ကုပ်
တောင်ဆင်းငါးရွာ
တောင်တွင်းကြီး
တောင်သာ
တိန့်ညင်
တိုင်တား
ထားဝယ်
ထီးလင်း
ဒလ
မနုဖြူ
နဘက်
နတ်မောက်
ပခန်းကြီး
ပခန်းငယ်
ပထနဂိုရ်
ပတင်း
ပင်ချိန့်
ပင်း
ပင်းတလဲ
ပင်းယ
ပင်းသာ
ပဋ္ဌလ(ငါးမြို့)
ပုပ္ပါး
ပျဉ်းမနား
ဖောင်လင်း
ဘောညောင်ကိုင်း

mgyoe.com

ဘတ္တ
မကွေး
မဘဲ
မလည်
မလွန်
မဟာဇေယပူရ(စစ်ကိုင်း)
မိချောင်းရဲ
မကွရာ
မင်းကင်း
မင်းတပ်
မင်းတုံး
(မင်းလှ)
မတ္တရာ
မော်ငယ်
မော်တုံ
(မော်ဘီ)
မိုးထား
မြဲတောင်
မြဲဝတီ
မြေထဲ
မြေတူး
မြင်ကွန်း
မြင်ကွန်း
မြင်ခုန်တိုင်
မြှင်စိုင်း
(မြင်းမူ)
မြစ်သာ
မြန်အောင်
(မြို့ကြီး)

mgyoe.com

mgyoe.com

မြို့လှ
မြို့သစ်
ယော
ယင်းခဲ
ယင်းတော်
ရေနံ့သာ
ရွှေကျင်
ရွှေဂူ
ရွှေတောင်
လောင်ရှည်
လှိုင်
သမြင်တုံ
သရက်
သာယာဝတီ
သောင်သွတ်(Hsaunghsup)
သန်လျင်
ဟသံ္တာ
ဟင်းဂမော်
ဟင်းသာ
ဟန်လင်း
အမြင့်
အလုံ
အာ့လကပ္ပ
အင်ထောက်သာ
အဲဒီမြို့တွေမှာ အရန်ကျေးရွာတွေရှိသေးတယ်။
နယ်တွေက–
ကျော်စည်တိုက်
ဆန်ကြန်တိုက်
တောင်ဘက်တိုက်

mgyoe.com

mgyoe.com


တွင်းသင်းတိုက်

ဗကျီတိုက်

မဟာဒါန်တိုက်

မြောက်ဘက်တိုက်

ရဲလှေတိုက်နဲ့

အနောက်ဘက်တိုက်တွေဖြစ်ပါတယ်။ အားလုံးပဲ လူစည်ကားတယ်။

ပင်လယ်ရပ်ခြားက အထည်အထိပ်၊ ရတနာကျောက်မျက်တွေရောင်းဝယ်တဲ့ သင်္ဘောဆိုက်ကပ်လို့ စီးပွားဥစ္စာ ဖြစ်ထွန်းတယ်။ သင်္ဘောဆိပ်တွေက–

တနင်္သာရီ

ထားဝယ်

ဒွါရဝတီ(သံတွဲ)

ဓညဝတီ(မြောက်ဦး၊ မြို့ဟောင်း)

ပုသိမ်

မုတ္တမ

မေဃဝတီ(မန်အောင်)

မြိတ်

ရမ္မဝတီ(ရမ်းဗြဲ)

သန်လျင်

ဟံသာဝတီ(ရန်ကုန်)နှင့်

ဟိုင်းကြီး(နဂရစ်)

မှာ ရှိပါတယ်။ ရွှေမြို့တော်နှင့်ကပ်လျက် စမုံ၊ ပန်းလောင်နှင့် ဇော်ဂျီမြစ်တွေက စပါးစိုက်ခင်းတွေကို ဆည်တွေ မြောင်းတွေနှင့် ရေပေးတယ်။ ဆည်တွေက–

ကင်းတား

ကျီမင်း

ကျောက်ဆည်

ငနိုင်သင်

ငပြောင်

mgyoe.com

mgyoe.com

နွားတက်

ပြောင်းပြန်နှင့်

မာဃ

ဆည်တွေ ရှိပါတယ်။ မတ္တရာကိုးဌာနက ရေကိုလည်း ရွှေမြို့တော် အရောက် ရွှေတချောင်းနှင့် ရွှေလောင်း၊ မြောင်းတော်တွေနှင့် ရေသွင်းပါ တယ်။ ကန်တွေက–

ကန်တော်

ဓောင်းကလော

နန္ဒာ

ဥတ္တမရစ်

တို့ ရှိပါတယ်။

အထက်ဖော်ပြပါ မြို့ရွာ နယ်ပယ် မြစ်ချောင်း ဆည်မြောင်းစာရင်း ဟာ ၁၈၂၂ က ပြုစုခဲ့တာဖြစ်တယ်။ မြို့ပေါင်း ၁၂၇ မြို့မှာ သဘော်ဆိပ် ၁၃ ဆိပ် ထည့်ရင် အစုစု ၁၄၀ ရှိပါတယ်။ တချို့အမည်တွေမှာ အခဲ့သုံး ရှေးနာမည်ရှိတယ်။ လူသုံးသိပ်မရှိတော့ နာမည်တစ်မျိုးအပြင် နောက်ထပ်ရှိ သေးတယ်ဆိုလည်း ဘယ်သူမှ ဂရုတစိုက်မစစ်ဆေးတော့ အလွဲလွဲအမှား မှား ဖြစ်နေတာလည်း ရှိပါတယ်။ နာမည်ဆုံးရင် တိုက်ကို တွဲထည့်ရမယ် ဆိုတဲ့ အလေ့ကတော့ ၁၂ ရာစုနှစ်လောက်ကပဲ စတယ်ထင်ပါတယ်။ နောက် ကုန်းဘောင်ခေတ် အကုန်ပိုင်းရောက်တော့ နိုင်ငံနှစ်ခြမ်းကွဲပြီး တောင်ပိုင်း အင်္ဂလိပ် မြန်မာ(British Burma)နဲ့ တိုင်းရင်းမြန်မာ(Native Burma)ရယ် ခွဲခြားခေါ်ဝေါ်ခဲ့ကြပါတယ်။ တိုက်တွေကိုလည်း ၁၀ ခရိုင်ခွဲပြီး ခေါ်ပါတယ်။ သီပေါမင်းလက်ထက် အမိန့်တော်(၉ မတ် ၁၈၈၄)နှင့် ပိုင်းခြားပုံကို ကြည့်ပါ။

mgyoe.com

နယ်ပယ်အမည် ခေတ်သုံးခေတ် နှိုင်းယှဉ်ချက်

| ပုဂံခေတ် | အဝခေတ် | မန္တလေးခေတ် |
|---|---|---|
| တောင့်ပွန့်ခရိုင် | | ရွှေမြို့တော်နဲ့ ရွှေကြိုးသတ်နယ် |
| | | အဝ၊ ကိုးခရိုင်၊ ရွှေပြည် ရန်အောင်၊ |
| ဆယ့်တစ်ခရိုင် | | ပင်းတလဲ၊ တလုပ်နဲ့ ညောင်အုပ်၊ |
| | | မိတ္ထီလာ၊ ရင်းတော်၊ ရနောင်၊ |
| | | ထရမ်ကာ၂ လှိုင်းတက်၊သာဂရ၊ |
| | | ညောင်ရမ်း၊ ရမည်းသင်းနဲ့ |
| | | တောင်ငူ၊ ပင်း၊ နတ်မောက်၊ |
| ခြောက်ခရိုင် | | ကျောက်ပန်းတောင်းနဲ့ |
| တမာခါတိုက်၊ | | တောင်တွင်း၊ အောက်မြစ်စဉ်ဝဲယာ၊ |
| ပုစပ်တိုက်နဲ့ မှန် | ဆင်ကြည်တိုက် | ပခန်းကြီး၊ ယော၊ ဆော၊ လောင်းရှည်၊ |
| တောင်တိုက် | | ထီးလင်းနဲ့ ယောတိုက်ကျန်၊ |
| ပဏ္ဍိဆယ်တိုက် | | ချင်းတွင်း ကြောင်းမြစ်စဉ် |
| | မဟာဒါန်တိုက် | |
| ပင်စည်တိုက် | တွင်းသင်းတိုက် | |
| | တောင်ဘက်တိုက်နဲ့ | |
| | မြောက်ဘက်တိုက် | စစ်ကိုင်း၊ အမြင့်၊ အလုံနဲ့ |
| | အနောက်ဘက်တိုက် | တပယင်း |
| မုဆိုးခြံတိုက်နဲ့ | တွင်းသွင်းတိုက်နဲ့ | |
| လဟိုတိုက် | မဟာဒါန်တိုက် | ရတနာသိဃ်မြေတူး ကောလင်း |
| ညံသာတိုက်နဲ့ | မြောက်ဘက်တိုက် | ဝန်းသို ငရဲ၊ ခေါသန္တိ ပဋလ |
| မုဆိုးပိုတိုက် | | ငါးမြို့နဲ့ ရွှေအရှေ့ကြောင်း |
| | အရှေ့ဘက်တိုက်နဲ့ | မြစ်စဉ်ဝဲယာ |
| | အနောက်ဘက်တိုက် | အညာမြစ်စဉ် ဝဲယာ |

ဆန်အထွက်ကောင်းတဲ့နေရာတွေက ချင်းတွင်း၊ စလင်း၊ တောင်တွင်းနဲ့ လယ်တွင်းဖြစ်ပါတယ်။ (တင် ၂၊ ၁၉၃၂၊ အပိုဒ် ၂၃၈၊ စာ ၁၄၁)။

mgyoe.com

mgyoe.com
လယ်တွင်းဆိုတာက ဆယ့်တစ်ရွာလည်းခေါ်တယ်။ ဆယ်တစ်ခရိုင်လို့လည်း ပုဂံခေတ်ကျောက်စာတွေမှာပါတဲ့ ကျောက်ဆည်နယ်ဖြစ်တယ်။ စလင်းကတော့ မြန်မာတွေ ပုဂံမှာ မနေခင်ကဘဲ မင်းဘူးနယ်မှာလာပြီး လယ် စိုက်တဲ့ ခြောက်ခရိုင်ဖြစ်ပါတယ်။ (၂၄ ဇန်နဝါရီ၊ ၁၇၅၈)။ လယ်တစ်ပယ် (၁ ဒသမ ၇၅ ဧက၊ တင် ၂၊ ၁၉၃၂၊ ပိုဒ် ၅၃၉၊ စာ ၂၇၊ ရေ ၁၉၄၀၊ စာ ၂၉၁၊ ပိုဒ် ၅၃၉၊ စာ ၂၇၊ ရေ ၁၉၄၀၊ စာ ၂၉၁) ရဲ့ ကြိတ်နှုန်းစပါး ၁၀တင်း (၂၄ ဩဂုတ် ၁၈၇၃)ဖြစ်တယ်။ စပါးတင်း ၁၀၀ ကို ငွေ ၃၅ ကျပ်(၄ ဇူလိုင် ၁၈၆၃) ဈေးရှိတယ်။ ပယ်တစ်ပယ်ကို မြေဧရိယာဘယ်လောက် ရှိမလဲဆိုတာ အလွယ်တကူသိရအောင် မန္တလေးဘုံကျော်ကျောင်းတိုက်နားမှာ ၃ ဇန်နဝါရီ ၁၇၉၂ လုပ်ခိုင်းတယ်။ (ကုန်း ၂၊ ၁၉၆၇၊ စာ ၅၈၊ ၂၄ ဇွန် ၁၇၈၈ မှာ ပကတိ ပယ်မင်းပယ်လို့ နှစ်မျိုးရှိတယ်လို့ ဖော်ပြခဲ့ဖူးတယ်)။ ပကတိပယ်ဆိုရင် ၁ ဒသမ ၇၅ ဧက၊ မင်းပယ်က နှစ်ဆဖြစ်လို့ ၃ ဒသမ ၅ ဧကဖြစ်ပါတယ်။ ဒီစံကွက်တွေအတိုင်း ပယ်ကိုတိုင်းပါလို့လည်း အမိန့် တော်(၂၈ ဇန်နဝါရီ ၁၇၉၅) မှာ ထုတ်ပြန်ခဲ့တယ်။ ပကတိပယ်ကွက် အုတ်တံတိုင်း ပြီးတော့ မင်းပယ်အုတ်တံတိုင်း အမြန်ဆုံးပြီးအောင် ဆက်လုပ်လို့ အမိန့်တော်(၂ ဇူလိုင် ၁၇၉၅)ပေးတယ်။ စပါးစိုက်ခင်းတိုးပွားဖို့ အမြဲအားထုတ်ခဲ့ကြပုံ ရတယ်(၁၆ မေ ၁၈၀၁)။ တောင်သူတိုင်းလည်း မိုးကျတာနဲ့ လယ်ဆင်းကြရပါတယ်(၁၂ မေ ၁၈၀၁)။ မိုးလေးလ (ဇွန်လက စက်တင်ဘာလအထိ) အလုပ်အပူဆုံးအခါ ဖြစ်ပါတယ်။ နောက်သုံးလခြားပြီး ဒီဇင်ဘာဆန်းစမှာ ကောက်ရိတ်သိမ်းဖို့ အလုပ်ပူပြန်တယ်။ အမှုအခင်းရှိလို့ တောင်သူတစ်ယောက်ကို အရေးပါတဲ့ သက်သေအဖြစ်နဲ့ မြို့ရုံးက ဆင့်ထားမိရင် အမှုမပြတ်စဲပေမယ့် သူ့ကို သူ့ရဲ့စိုက်ခင်းအရောက် မိုးကျရင် ဆက်ဆက်ပြန်လွှတ်ရမယ်လို့ အမိန့်တော်တွေ(၂၆ ဇွန်၊ ၁၇၈၄၊ ၁၂ မေ ၁၈၀၁၊ ၁၆ မေ၊ ၁၈၀၁)ရှိပါတယ်။

စိုက်လို့ပျိုးလို့ရတဲ့ မြေရှိသမျှ မြေလပ်မထားရ။ သင့်ရာ ကောက်ပဲတစ်မျိုးမျိုးကို စိုက်ပါဆိုတဲ့ အမိန့်တော်(၂၁ စက်တင်ဘာ ၁၇၈၇)လည်း ရှိပါတယ်။ နှစ်စဉ်လည်း မြေလွတ်မြေရိုင်းနဲ့ တောမြေကို တောင်သူက ခုတ်ထွင်ရှင်းလင်းပြီး နယ်ချဲ့နိုင်သလောက် ချဲ့စေလိုတယ်။ (၁၆ မေ ၁၈၀၁)။ ပြီးတော့ လက်နက်ကိုင်သူရဲတွေကိုလည်း စစ်ထွက်ရင် လယ်စိုက်ကြဖို့
mgyoe.com

mgyoe.com

'လုပ်မြေ' ပေးထားတယ်။ ကင်းတာဝန်ကျလို့ စခန်းတစ်ခုကို ရောက်နေကြတဲ့သူတွေကလည်း ကင်းဝန်းကျင်မှာ စိုက်ပျိုးရေးလုပ်ဖို့ အမိန့်တော် (၁ ဧပြီ ၁၇၈၈)ရှိပါသေးတယ်။

'ပယ်တစ်သောင်း(၁၇၅၀၀ ကေ)မြောင်းတစ်ရာ' ဆိုတဲ့ ရှေးစကားဟာ ရှေးမြန်မာတွေရဲ့ (ကျောက်ဆည်)လယ်တွင်း ဆည်ရေသောက်လယ်ကို အတိုဆုံး အရှင်းဆုံးဖော်ပြတဲ့ စကားစုဖြစ်ပါတယ်။ (စမ္မျှ ၁၉၆၀၊ စာ ၃၀၊ ၉ မတ် ၁၆၀၂၊ စာ ၉၅၊ ၁၃ ဖေဖော်ဝါရီ ၁၆၃၈၊ စာ ၈၄၊ ၄ မေ ၁၆၉၉၊ စာ ၈၇၊ ၁၇ မေ ၁၇၁၄)။ ခရစ် ၁၁–၁၃ ရာစုနှစ်က တစ်ဆယ့်တစ်ခရိုင်ဟာ ၁၄၁၇ ရာစုနှစ်ရောက်တော့ ကိုးခရိုင်ဖြစ်လာတယ်။ အဟောင်းခြောက်ခရိုင်ကျန်တယ်။ ပြီးတော့ အသစ်သုံးခရိုင်နဲ့ပေါင်းပြီး ကိုးခရိုင်ဖွဲ့ပါတယ်။ ကိုးခရိုင်က တစ်ခါတစ်ရံ တောင်ဘက် လေးခရိုင် ငါးခရိုင်(စမ္မျှ ၁၉၆၀၊ မျက် ၃၀၊ ၉ မတ် ၁၆၀၂) တောင်ဘက် ကိုးခရိုင်(စမ္မျှ ၁၉၆၀၊ မျက် ၅၆၊ ၂၆ ဖေဖော်ဝါရီ ၁၆၀၃)လို့ ခေါ်တာလည်း တွေ့ရပါတယ်။ ဆည်တွေက–

တလန်ကျော်ဆည်(စမ္မျှ ၁၉၆၀၊ မျက် ၃၀၊ ၉ မတ် ၁၆၀၂၊ မျက် ၅၆၊ ၂၆ ဖေဖော်ဝါရီ ၁၆၀၃)

ကျီးမင်းဆည်(စမ္မျှ ၁၉၆၀၊ မျက် ၃၀၊ ၉ မတ် ၁၆၀၂၊ မျက် ၅၆၊ ၂၆ ဖေဖော်ဝါရီ ၁၆၀၃)

နွားတက်ဆည် (စမ္မျှ ၁၉၆၀၊ မျက် ၃၀၊ ၉ မတ်၊ ၁၆၀၂၊ မျက် ၅၆၊ ၂၆ဖေဖော်ဝါရီ ၁၆၀၃) နဲ့

ပြောင်ပြဆည်(စမ္မျှ ၁၉၆၀၊ မျက် ၃၀၊ ၉ မတ် ၁၆၀၂၊ မျက် ၅၆၊ ၂၆ ဖေဖော်ဝါရီ ၁၆၀၃

တို့ဖြစ်ပါတယ်။ မြောင်းတစ်ရာဆိုတဲ့ စကားလည်း အကဲအပိုပြောတာ မဟုတ်။ အမှန်ပဲ ဒီအရေအတွက်လောက်ရှိမှ ဆည်မြောင်းနဲ့ ရေဝေတဲ့တာဝန် အောင်နိုင်မှာ ဖြစ်ပါတယ်။ ဆည်မြောင်းမှန်သမျှရဲ့ အခြေအနေကို အမြဲကောင်းအောင် ပြုပြင်ထိန်းသိမ်းထားရမယ်လို့ ရံဖန်ရံခါ အမိန့်တော်ထုတ်ပြီး အရေးပေါ်လိုအပ်ရင် ဆည်ထိန်းမြောင်းထိန်းတို့က ဘယ်သူ့ကိုမဆိုခေါ်ပြီး ဆည်မှာ မြောင်းမှာ အလုပ်ဝင်ခိုင်းနိုင်ခွင့်အာဏာကို ပေးထားခြင်း (၁၅ စက်တင်ဘာ ၁၇၈၇) ဆိုတဲ့ အချက်နှစ်ချက်ကြောင့်လည်း ရေပေးရေ

mgyoe.com

mgyoe.com

ဝေ စည်းကျတယ်လို့ ဆိုရမယ်။ တခြား ဆန်တွင်းသုံးတွင်းမှာလည်း လယ်တွင်းဆည်လုပ်ငန်းကို စံပြုကြတာဖြစ်လို့ အလားတူ အောင်မြင်မယ်လို့ မှန်းဆရပါတယ်။ ထိုင်းဘက်ကို ရှင်ဘုရင်ကိုယ်တိုင် စစ်ချီနေစဉ်မှာပဲ မြို့တော်စောင့် အိမ်ရှေ့မင်းကို 'မူမှာ ဆည်ကိုလုပ်မြဲအချိန် လုပ်မြဲနေရာတွေမှာ လုပ်ကိုင်ဖို့ မမေ့နဲ့' လို့ အမှာတော်(၁ ဇန်နဝါရီ ၁၇၆၀)မှာ ရှိတာကိုလည်း တွေ့ရပါတယ်။ အရာတော်ဆိုတဲ့ မင်းမြေအများစုဟာ ဧရာဝတီမြစ်ကြီးရဲ့ အရှေ့ဘက်ကမ်းဖြစ်တဲ့ ကျော်စည်တိုက်မှာ ရှိကြလေတော့ လမိုင်း (မင်းမြေ) ကို အောင်ပင်လယ်ကန်က ရေဝေတဲ့အခါ ဦးစားပေးစေတယ်။ ဒီလို ညွှန်ကြားချက်ကို လမိုင်းဝန်က ကျော်စည်တိုက်မှာ ဆောင်ရွက်တဲ့အခါ အခက်အခဲ မရှိရလေအောင် လမိုင်းဝန်တစ်ဦးတည်းပဲ ရေဝေတဲ့အခါ ကွပ်ကဲရမယ်လို့ အမိန့်တော်(၂၄ အောက်တိုဘာ ၁၈၁၁) ထုတ်ပေးပါတယ်။ ကျော်စည်တိုက်မှာ မြောင်းမတော်ဟာ အကြီးဆုံး ရေဝေမြောင်းဖြစ်လို့ အဲဒီမြောင်းကြီးကို အမြဲတမ်း အကောင်းဆုံးအခြေအနေ ရှိရမယ်လို့ အမိန့်တော်(၁၃ ဩဂုတ် ၁၇၈၇)ထားပါသေးတယ်။ ကျွန်းလှက မြောင်းမတော်ဟာ ကျဉ်းလှတယ်ဆိုပြီး ဝန်းကျင်တစ်ဆယ့်ကိုးရွာက လူအားနဲ့ မြောင်းအကျယ် ၃၁ ပေခွဲရှိအောင် (၂၄ စက်တင်ဘာ ၁၇၈၇) မှာ အချဲ့ခိုင်းတယ်။ တောင်သမန်တာရိုးနိမ့်လို့ ရေများများ မလွှတ်သာဘူးဆိုပြီး တာရိုးကို တစ်ဆယ့်သုံးပေအထိ မြှင့်ပါ။ ဒီတာဝန်ကို ရိုးတစ်လျှောက် သုံးဆယ့်လေးတာဝေပြီး တစ်တာကို မင်းသား၊ အမတ်တစ်ဦးဦးက ကိုယ့်လူကိုယ့်အားကိုယ်စည်းကြပ်ပြီး လုပ်စေလို့(၁၉ မေ ၁၇၉၅) ခိုင်းတယ်။ နန္ဒာကန်၊ ရွှေလောင်းမြောင်းနဲ့ နဲကုတ်သိုမြောင်းစတဲ့ မတ္တရာ ရေဝေအကြီးအကြပ်တွေကို ရေပေးရေဝေမှာ ကျောက်ဆည်ကိုးခရိုင်ကို စံပြုလို့ အမိန့်တော်(၃ ဇွန် ၁၇၉၅)ရှိတယ်။ အဲဒါကြောင့် ရွှေလောင်းမြောင်းဟာ လယ်ပယ်တစ်ရာ (၁၇၅) ဧကကို ရေပေးနိုင် တယ်လို့ သိရတယ်။ (၁၆ ဧပြီ ၁၈၁၀)။ မဒရာမှာ ကျီဝန်က ဆည်မြောင်းဦးစီးဖြစ်တယ်လို့ အမိန့်တော်(၂ မတ် ၁၈၀၆)အရ သိရပါတယ်။ ကျောက်ဆည်မှာ ဆည်ရေသောက်လယ်တွေရဲ့ ရေဝေရေပေးကိစ္စအပြင် တခြား မြေမှုကိစ္စအားလုံးကို ကြားနာစစ်ဆေးဆုံးဖြတ်ခွင့်(၁၉ စက်တင်ဘာ ၁၈၀၆ နဲ့ ၂၂ ဇူလိုင် ၁၈၀၆)ရှိတယ်။ ဘင်သားခေါ်တဲ့ မြောင်းရှင်းတဲ့တာဖို့လုပ်သား တွေနဲ့ ရေလွှတ်တံခါး၊ ဆည်နဲ့ မြောင်းကို

mgyoe.com

mgyoe.com

ထိန်းသိမ်းတဲ့ တာဝန်လည်း ကျိဝန်ပဲ ကွပ်ကဲရပါတယ်။ (၁၉ စက်တင်ဘာ ၁၈၀၆)။ တပက်ဆွဲတက်မြွော၊ မတောင့်တရွာက လူတွေကို ကျိဝန်က မြောင်းဆုံပြုပြင်ဖို့ ဆင့်ခေါ်တဲ့အခါ ငါတို့က ရွှေကြိုးသတ်နယ်သား၊ လယ်တွင်းနဲ့ မဆိုင်ဆိုပြီး မသွားမရောက်နေတာကို မနေစေရလို့ အမိန့်တော် (၁၈ ဒီဇင်ဘာ ၁၈၀၆)ပြန်တယ်။ အုန်း လွတ်၊ မိုးကြိုးပစ်၊ နတ်မောက်ဆည်တွေကိုပေါင်းပြီး ဆည်တော်ကြီးလုပ်စေဖို့ ကျိဝန်မင်းရွှေတောင်ကို ခိုင်းတယ် (၁ စက်တင်ဘာ ၁၉၀၇)။ အဲဒီ အမိန့်တော်ထဲမှာပဲ ရွာဟိုင်းစားသား ဗညားသည်ကို ငကြဲ၊ ငခွေးတို့နဲ့ဖက်ပြီး နေရင်းအိမ် ၅၀ အပြင် ရွာဟိုင်းစားလူအားလုံးကို ဆည်တော်ကြီး ထိန်းသိမ်း စောင့်ရှောက်ဖို့ ဆည်ထိန်း ဆည်စောင့်ခန့်တယ်။ ဆည်လုပ်ငန်းမှာ ကျော်စည်တိုက်ဝန်၊ တိုက်စာရေး၊ ပယ်ရှင်၊ နယ်ရှင်၊ မြို့ ရွာသူကြီးတွေက မနှောင့် မယှက်စေရလို့လည်း အတိအကျ အမိန့်တော်မှာပါတယ်။ မိတ္ထီလာကန်ရိုးကို ပြင်ဖို့ တောင်သူလယ်သမားတွေကို ဆင့်ခေါ်တယ်(၁၆ မတ် ၁၈၁၀)၊ မင်းတုန်းမင်း ၁၈၅၃–၁၈၇၈ လက်ထက်မှာ ဆည်ရေသောက်လယ် တိုးချဲ့ဖို့ ဆည်မြောင်းတွေ အောင်မြင်ကြီးပွားမှ ဖြစ်မယ်ဆိုပြီး အထက်(အမျိုးသား မြန်မာနိုင်ငံ)မှာ ဆည်မြောင်းကို အင်မတန်လုံ့လစိုက်ပြီး တိုးချဲ့စေခဲ့ပါတယ်။ မင်းဖြစ်ပြီး မကြာခင် ၇ ဩဂုတ် ၁၈၅၃ မှာ သိရိနန္ဒာကန်နဲ့ ဇေယျနန္ဒာကန်တွေကို ပြုပြင်တယ်။ ၂၆ စက်တင်ဘာ ၁၈၅၃ မှာ မဟာနန္ဒာကန်၊ ယင်းမာကန်၊ ကြိုးကြာကန်၊ ဆင်းကုတ်ကန်၊ ကတူးကန်၊ ပလိုင်းကန်တွေကို ပြင်စေတယ်။ တမုတ်ဆိုးကန်ကို ၂၄ ဩဂုတ် ၁၈၅၄၊ စုံးဖြို့စီရင်နက် ရေနံ့သာက ပူဇော်ကန်ကို ၂၀ အောက်တိုဘာ ၁၈၅၄၊ ဝန်းဆည်ကို ၂၅ နိုဝင်ဘာ ၁၈၅၄၊ မူမြစ်ဝှမ်းရေပေးဆည်မြောင်းတို့ကို ၂၂ ဇန်နဝါရီ ၁၈၅၅၊ မင်းရွာဆည်ကို ၂၆ ဇူလိုင်၊ ၁၈၅၅၊ မိတ္ထီလာကန်ကို ၂၂ နိုဝင်ဘာ ၁၈၅၆၊ မင်းထင်ဆည်၊ မဟာနန္ဒာကန်နဲ့ ကျွဲဆည်ကို ၂၄ ဇန်နဝါရီ ၁၈၅၇၊ အောင်ပင်လယ်၊ နန္ဒာနဲ့ ပြင်စည် ကျေးကန်ငါရွာဆည်တွေကို ၂ ဖေဖော်ဝါရီ ၁၈၅၇ မှာ ပြုပြင်စေတယ်။ လယ်ထွန်မင်္ဂလာကို ၁၆ ဇွန် ၁၈၅၃၊ ၂၅ ဇွန် ၁၈၆၆ နဲ့ ၂၄ ဇွန် ၁၈၆၈ များမှာ ကျင်းပခဲ့ပါတယ်။

❐

mgyoe.com

mgyoe.com

# ၃

အမိန့်တော်ဟာ မူလက နှုတ်မိန့်ဖြစ်လို့ ပါးစပ်ရာဇဝင် အမျိုးအစားမှာ ထည့်ထားတယ်။ အမိန့်တော်ထဲမှာ ပါသမျှ သမိုင်းစကားတွေနဲ့ တိုင်းပြည်အကြောင်း ရေးတာမှာဆက်ပြီး လယ်ယာတွေအကြောင်း ပြောချင်ပါတယ်။

ထားမဦးချ* (စမ္ဘူ ၁၉၆၀၊ မျက် ၉၁၊ ၅ ဖေဖော်ဝါရီ ၁၆၀၀)ဆိုတဲ့ စကားစုကို မြင်ရကြားရရင် တောကို ခုတ်ထွင်ရှင်းလင်းပြီး လယ်တည်တာကို ဆိုလိုတယ်လို့ သိပါတယ်။ လယ်တည်သူရဲ့ သားမြေးအဆက်ဆက်က ငါတို့ အဘိုးအဘတို့ ကိုယ်တိုင်ကိုယ်ကျ ဆင်းရဲပင်ပန်းခံပြီး ဒီမြေမှာ လုပ်စားပိုင်ခွင့်ရအောင် ကြိုးစားခဲ့ကြတာ ဖြစ်တယ်ဆိုပြီး နောက်တော့ ဘိုးဘပိုင် (၁၂ နိုဝင်ဘာ ၁၈၀၄၊ ၁၈ အောက်တိုဘာ ၁၈၅၈၊ ၁၁ ဖေဖော်ဝါရီ ၁၈၅၉၊ ၄ မတ်၊ ၁၈၅၉၊ ၆ ဖေဖော်ဝါရီ ၁၈၆၄၊ ၁၆ နိုဝင်ဘာ ၁၈၆၅)လို့ ခေါ်လာကြပါတယ်။ နေရာအတော်များများမှာ ဒီလိုတောမြေကို ရှင်းလင်းပြီး လယ်တည်သူတွေဟာ လက်နက်ကိုင် အမှုထမ်းတွေဖြစ်တယ်။ (စမ္ဘူ ၁၉၆၀၊ မျက် ၉၁၊ ၅ ဖေဖော်ဝါရီ ၁၆၀၀) အဲဒီ လက်နက်ကိုင်ဆိုတဲ့ လူတွေဟာ ခြေသည်မြင်းသည်ဆိုတာတွေများမယ်။ နိုင်ငံခြားသား စစ်သုံ့ပန်းတွေကို မြန်မာမင်းကဆက်ပြီး စစ်ဘက်မှာ အမှုထမ်းစေတယ်။ သူတို့ကို စစ်မတိုက်ရတဲ့အခါ လယ်လုပ်ကြရတယ်။ သူတို့ကို ချထားတဲ့အရပ်မှာ

* တားမဦးချ

mgyoe.com

mgyoe.com

လယ်မဖြစ်သေးတဲ့ မြေရိုင်းများရင် ခုတ်ထွင်ရှင်းလင်းပြီး ကောက်ပဲစိုက်ရ တယ်။ မြေပျော့ဖြစ်ရင် မြောင်းသွယ်ပြီး ရေထုတ်ပြီးမှ စိုက်မယ်။ ဒီလို တိုက်ပွဲမှာ လက်ရဖမ်းမိတဲ့ နိုင်ငံခြားသား ခြေသည်မြင်းသည်ဆိုတဲ့ လူတွေဟာ မြန်မာမင်းရဲ့ သစ္စာခံပြီး အမှုထမ်းလို့ စစ်ငြိမ်းကာလမှာ နေထိုင် လုပ်ကိုင်စားသောက်ရတဲ့မြေကို လယ်လုပ်ရန် လုပ်မြေ၊ လယ်ထွက်ကောက်ပဲကို အဖို့တစ်ဖို့ ကောက်ယူစားဖို့ စားမြေနဲ့ အိမ်ဆောက်နေဖို့ နေမြေဆိုပြီး မြေကွက်သုံးမျိုးထဲက တစ်မျိုးရကြတယ်။ သုံးမျိုးစလုံးရတာလဲ ရှိတယ်။ လင်းဇင်း(VIENCHENG)နဲ့ ဇင်းမယ်(CHIENGMAI)သုံ့ပန်းလူတွေက မြင်းသည်တွေဖြစ်ပြီး သံလွင်အနောက်(CIS-THANLWIN)မှာ နေရာချတယ်။ (စမ္ဘူ ၁၉၆၀၊ မျက် ၁၀၂၊ ၁၇ မေ ၁၆၀၁) ထားဝယ်နဲ့ ဟံသာဝတီသုံ့လူတွေက ဒိုင်းဆွဲ ဓားကိုင် ခြေသည်များတယ်။ ဧရာဝတီမြစ်ရိုးတစ်လျှောက်မှာ နေခွင့်ရတယ်။ (စမ္ဘူ ၁၉၆၀၊ မျက် ၆၇၊ ၁၃ ဖေဖော်ဝါရီ ၁၆၃၈)။ ကျိုင်းရုံကြီး(KENGHUNG)သုံ့လူတွေက လုံကိုင်ခြေသည်တွေဖြစ်ပြီး တောင်ဘက်လေးခရိုင်(စမ္ဘူ ၁၉၆၀၊မျက် ၆၇၊ ၁၃ ဖေဖော်ဝါရီ ၁၆၃၈)မှာ နေကြရတယ်။ ကုလားနဲ့ ရခိုင် လေးသည်လေးသည်တွေကို မြစည်းခုံဘုရားမြေ(စမ္ဘူ ၁၉၆၀၊ မျက် ၁၀၁၊ ၂၃ ဖေဖော်ဝါရီ ၁၆၃၈)မှာ နေစေတယ်။ ကျောင်းဘုရားမြေမှာ လက်နက်ကိုင်တွေ လယ်ယာလုပ်ကြရင်း ကျောင်းဘုရားဆိုင်ရာ မြေခွန်မြေခကို လွှတ်တော်ဆိုင်ရာ ငွေတိုက်ဖြစ်တဲ့ ကသောင်းမြောင်တိုက်မှာ သွင်းရပါတယ်။ အကြမ်းဖျင်း အကြပ်တစ်ယောက်ဟာ မြေငါးပယ်(၈.၇၅ဧကေ)၊ ငယ်သားနှစ်ပယ်ခွဲ(၄.၃၇၅ဧကေ)စီ ရကြပြီး တပ်ပါလူအရေအတွက်အလိုက် နယ်မြေ အကျဉ်းအကျယ် ခန့်မှန်းပြီး တစ်စုတည်းပေးချပါတယ်။ အဲဒါကြောင့် နှစ်ကာလကြာတဲ့အခါ လက်နက်ကိုင်တပ်ရဲ့ လူဦးရေမှာ တိုးတာလဲရှိမယ်။ ဆုတ်ယုတ်တာလဲ ရှိမယ်။ အဲဒါကြောင့် လူနဲ့မြေ မညီမမျှ ဖြစ်သွားတတ်တယ်။ တကယ်ဖြစ်တတ်တာကတော့ စစ်ထွက်တဲ့အခါ သေကုန်မယ်။ ဒါမှမဟုတ်လဲ ပြေးကြပုန်းကြနဲ့ တပ်ထဲမှာ လူကျန်နည်းပြီး မြေပိုနေမယ်။ မြေရှိလျက် လုပ်မယ့်လူမရှိဖြစ်မယ်။ အကြပ်တွေကို ပြေးသူလိုက်ဖမ်း၊ လူနဲ့မြေ မျှတညီညွတ်အောင် ပြင်ဆင် (၃၀ မေ ၁၆၃၅၊ စမ္ဘူ ၁၉၆၀၊ မျက် ၅၉၊ ၁၃အောက်တိုဘာ ၁၆၃၇၊ မျက် ၆၆၊ ၆၇နဲ့ ၆၅၊ ၁၃ ဖေဖော်ဝါရီ ၁၆၃၈၊ မျက် ၉၆၊ ၁၇ မေ ၁၆၈၉)ရပါတယ်။ ပြေးရှောင်

mgyoe.com

mgyoe.com
ပုန်းအောင်းသူကိုမိရင် သူ့ကို ကူညီသူတွေပါ တစ်ပါတည်းဖမ်းပြီး အပြစ်ပေးပါတယ်။ (၁၁ မေ ၁၆၉၂)။

နယ်မြေအသစ်ကို တိုက်ခိုက်သိမ်းယူပြီးတဲ့အခါတိုင်း မိစ္ဆာဒိဋ္ဌိတွေကို နှိမ်နင်းပြီး ဗုဒ္ဓသာသနာပြုတယ်ဆိုတဲ့ မူဝါဒကို ထင်ရှားအောင် စေတီတစ်ဆူတည်မှာဖြစ်ပါတယ်။ စေတီကို ဉာဏ်တော် သိပ်မမြင့်ဘဲတည်ပြီး၊ မုဋ္ဌော(စမ္ဘူ ၁၉၆၀၊ မျက် ၄၂၊ ၄၃၊ ၂၈ အောက်တိုဘာ ၁၆၀၅)လို့ သမုတ်ခေါ်ဝေါ်လေ့ ရှိကြတယ်။ဗုဒ္ဓသာသနာ ပျံ့နှံ့လာပြီလို့ ထင်ရှားအောင် ပြတဲ့အနေနဲ့လဲ ဗောဓိညောင်ပင်(စမ္ဘူ ၁၉၆၀၊ မျက် ၄၂၊ ၂၅ အောက်တိုဘာ ၁၆၀၅) စိုက်တယ်။ အာဏာစက်နဲ့ ဓမ္မစက်ကို ယှဉ်ပြိုင်ပြီး ရိုသေလေးစားအောင် သိမ်းယူခဲ့ဟောင်းဒေသနဲ့ သိမ်းယူပြီးစဒေသ နှစ်မျိုးစလုံးမှာပဲ သတ်မှတ်တာက ထုံးစံဖြစ်နေပါပြီ(၁၀ စက်တင်ဘာ ၁၈၇၁)။ ဗဒုံမင်း ၁၇၈၂–၁၈၁၉ လက်ထက် မုဋ္ဌောကို ရွှေဂူလို့ နာမည်ပြောင်းတယ်။ အဲဒီ အမည်သစ်နဲ့ အဆောက်အဦဟာ ဘုရားကျောင်းတော်နဲ့ စေတီနှစ်မျိုးစလုံး တစ်ပါတည်းဖြစ်အောင် ဆင်းတုတော်ကိန်းဝပ်ရာ တိုက်ကျောင်းအထက်မှာ သရီရဓာတ်တော်ဌာပနာပြီး စေတီတင်ဖို့ စီမံခြင်းဖြစ်ပါတယ်။ အသစ်တီထွင်တာတော့ မဟုတ်ပါ။ ပုဂံ အာနန္ဒာ(မူလအမည် နန္ဒာ)ဟာ ဆင်းတုတော်ထားတဲ့ ဂန္ဓကုဋီအပေါ်က ကွန်းတောင်းစေတီ တင်ထားတာပဲဖြစ်လို့ ဒီလိုကျောင်းစေတီဟာ ရှေးရှေးကပဲ ရှိပါတယ်။ ပုဂံသဗ္ဗညုဆိုရင် ဘုန်းကြီးကျောင်း၊ ပိဋကတိုက်၊ ဘုရားကျောင်း၊ စေတီ၊ လေးမျိုးတွဲ(FOUR UNIT) အဆောက်အဦးဖြစ်ပါတယ်။ ရွှေဂူတွေကတော့ အတိုင်းအတာ ဉာဏ်တော်ငယ်ပါတယ်။ ဗဒုံမင်း တည်ထားခဲ့တဲ့ ရွှေဂူဟာ အစုစု ၅၅၀ ရှိတယ်။ သူ့နိုင်ငံတော်ဟာ အုပ်ချုပ်ရေးနယ် ၅၅၀ ရှိတဲ့ အထောက်အထားပါပဲ။ သီပေါမင်း ၁၈၇၈–၁၈၈၅ ဆိုရင် ဒီစေတီငယ်တွေကို ရွှေဂူလို့မခေါ်ဘဲ ရာဇမုနိလို့ ခေါ်စေတယ်။ ရာဇမုနိပေါင်း ၁၅၆ ဆူပဲ တည်ထားနိုင်တော့တယ်။ တည်ထားတဲ့နေရာတွေက

| | |
|---|---|
| မြန်မာ ရွာကြီး | ၁၃ |
| မြန်မာ မြို့ကြီး | ၉၃ |
| တပ်ရုံးရှိရာ ရှမ်းမြို့ | ၄၆ |
| ဦးတိုက်ထမ်း ရှမ်းမြို့ | ၄ |

mgyoe.com

mgyoe.com

စုစု ၁၅၆

ဖြစ်ပါတယ်။ ရွှေဂူတည်တဲ့အခါ တစ်ချိန်တစ်ခါတည်းတည်နိုင်အောင် မကြာမီ ဘယ်လ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန် လငပုပ်စဖမ်းမယ်။ အဲဒီ ဖမ်းချိန်မှာ အုတ်မြစ်ချလို့ ကြိုတင်တွက်ချက်ပြီး အချိန်ပေး ဆင့်ဆိုထားရတယ်။ ရာဇမုနိကို စတုရန်း ဆယ်ပေခွဲ အုတ်ခုံပေါ်မှာ ဉာဏ်တော်အမြင့် ဆယ်ပေခွဲ ဘုရားကျောင်းစေတီကို တင်တယ်။ ထီးတော်ဆင့်လိုက်တော့ အစုစု တစ်ဆယ့်ငါးပေ အမြင့်ရှိမယ်။ ကုန်ကျငွေမှာ တစ်ဆူကို ကျပ်ငွေ ၆၂၅ ခွဲပဲ ရှိတယ်။ (အုပ်၊ ဒု၊ ၁၉၆၅၊ ပိုဒ် ၂၃၃၊ မျက် ၁၁၀)

သယံဇာတ တွင်းထွက်၊ သံ၊ ကြေး၊ခဲ၊ ရွှေ၊ ငွေ၊ ရေနံ၊ ကျောက်မျက် ဆိုတာတွေကို တူးဖော်မယ်။ ကျင်ယူမယ်ဆိုရင် ကျိဝန်နဲ့ ဆိုင်တယ်။ (၃၀ ဇူလိုင် ၁၆၀၀၊ ၁၆ မတ် ၁၆၈၀)၊ အနောက်ရိုးမ တောင်စဉ် ခုနစ်ခရိုင်ကတ္တော့ တောတွင်းပစ္စည်း ရှာဖွေသိမ်းဆည်းယူရာ ဒေသ (၁၈ ဖေဖော်ဝါရီ ၁၇၈၈) ဖြစ်ပြီး ရှာဖွေသူတွေဟာ ကျိဝန်စုသားတွေပဲ ဖြစ်ပါတယ်။ ခဲတွင်း ပတ္တမြားတွင်းမှာ ကသည်းတွေပဲ သုံးစွဲတာများတယ်(၂၀ ဇူလိုင် ၁၇၈၇)၊ ရှင်ဘုရင်က ဒေသဆိုင်ရာနတ်တွေကို ကျောက်အောင်အောက် ကူညီရမယ်လို့ အမိန့်တော်ပြန်တယ်။ ကျိဝန်ရဲ့လူတွေက တကယ်တော့ ရွှေခွန် ငွေခွန် သံ သစ်စေး ငှက်မြီး ပယင်းကျောက်သိမ်းသူတွေဖြစ်လို့ မနှောင့်ယှက်ရ။ သူတို့ဟာ နန်းတွင်း အခွန်တော်ဆက်လူတွေဖြစ်တယ်။ လူရော နတ်ပါ နယ်ရှင်ပယ်ရှင်တွေဟာသူတို့နယ်ထဲမှာလာပြီး အလုပ်လုပ်တဲ့ ကျိဝန်စုလူတွေကို ဘယ်ပုံစံနဲ့မှ တားဆီးနှောင့်ယှက်မလုပ်ရ။ အမိန့်ဩဇာ မပေးရ(၁၂ နိုဝင်ဘာ ၁၈၀၄)လို့ ဆင့်ဆိုထားပြီး ဖြစ်တယ်။ အဲဒီမှာ ခြွင်းချက်တစ်ခုပဲ ရှိတယ်။ ရမည်းသင်းနယ်မှာ ရွှေကျင်တဲ့လူတွေဟာ နယ်ရှင်ရဲ့ လက်အောက်ခံဖြစ်စေ၊ (၁၂ မတ် ၁၈၀၆) လို့ သတ်မှတ်တယ်။ ဘာကြောင့် ဒီလို အမိန့်တော်ရှိသလဲ မသိပါ။ ရွှေကို အများဆုံးကျင်ယူတဲ့ဒေသကတော့ မူးမြစ်ညာက ရွှေမြောက်ရွာမှာဖြစ်ပါတယ်။ (၃၁ ဒီဇင်ဘာ ၁၈၇၂) အင်တချပ်၊ တံမြက်တစ်စည်း သုံးသူတိုင်း တစ်နှစ်မှာ အခွန်ကြေး သုံးပိဿာ ပေးရမြဲဖြစ်ပါတယ်။ (၅ ဇွန် ၁၈၅၇)။

အဖိုးတန် ကျောက်မျက်အပြင် နန်းတွင်းမှာမွေးဖို့ တိရစ္ဆာန်မျိုးကောင်းနဲ့ တိရစ္ဆာန်အထူးအဆန်းတွေလဲ တောနဲ့ တောရွာတွေက ရှာဖွေ

mgyoe.com

mgyoe.com

ပြီး ဆက်သရပါသေးတယ်။ နို့ညှစ်နွားတော် (၁၄ ဇူလိုင် ၁၇၉၅)နဲ့ နွားပိုက် (၁၇ ဇူလိုင် ၁၈၀၆)ကို အဆက်ခိုင်းတယ်။ နွားပိုက်ကို မျိုးစပ်လိုလို့ ဖြစ်မလားမသိပါ။ ထူးဆန်းလို့ မွေးလိုတာဖြစ်မှာက ကျား (၂၂ နိုဝင်ဘာ ၁၈၂၄)၊ ကျောက်နွား (၃၀ မတ် ၁၈၀၇)၊ ခြသေ့် (၂၂ နိုဝင်ဘာ ၁၈၂၄)၊ မိကျောင်း(တရုတ်နိုင်ငံကို လက်ဆောင်ပို့ရန် ၂၄ ဇူလိုင် ၁၇၉၅၊ ၆ ဩဂုတ် ၁၇၉၅၊ ၈ ဩဂုတ် ၁၇၉၅)၊ရေဆင် (၁၇ မတ် ၁၈၀၆၊ ၁၀ ဇူလိုင် ၁၈၀၆)၊ ရေဝက် (၁၄ မတ် ၁၈၀၆)၊ ရေသမင်(၁၉ မေ ၁၈၀၁)၊ လူဝံ (၂၀ ဇူလိုင် ၁၈၀၆၊ ၂၇ ဒီဇင်ဘာ ၁၈၀၀၊ ၂၉ ဒီဇင်ဘာ ၁၈၀၆) ဆိုတာတွေလည်း နန်းတော်ကို ပို့ခိုင်းတယ်။ လူဝံ(ORANOVTAN)က ရနိုင်ပေမယ့် ရေဆင်၊ ရေဝက်၊ ရေသမင်ဆိုတာတွေက ရမယ်မထင်ပါ။

မြန်မာဘုရင်တွေလက်ထက်က မီးဟာ အင်မတန်ကြီးကျယ်တဲ့ အန္တရာယ်တစ်ခု ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မီးငြိမ်းသတ်ဖို့နဲ့ မီးမလောင်အောင် တားဖို့ အထူးအမိန့်တော်ပြန်ရတာတွေ မကြာခဏ တွေ့ရပါတယ်။ ရန်သူ မြို့တစ်မြို့ကို သိမ်းနိုင်ရင် ရှင်ဘုရင်က မြို့ကို မီးမတင်ရ(၁၃ မတ် ၁၇၆၀) လို့ အမိန့်တော်ထုတ်တာကို တွေ့ရဖူးပါတယ်။ နန်းတော်သစ်ဆောက်တဲ့ အခါ မီးဘေးကာကွယ်ရေး(၆ ဖေဖော်ဝါရီ ၁၇၈၃၊ ၂၈ ဇန်နဝါရီ ၁၇၈၅၊ ၁၇ ဇွန် ၁၇၉၅) အမိန့်တော်တွေ ထုတ်ပြန်တာ တွေ့ရပါတယ်။ မီးစိတ်ချ ရတဲ့ အုတ်တိုက် အုတ်ကြွပ်မိုးစေ(၁၅ ဖေဖော်ဝါရီ ၁၇၈၅၊ ၂၆ မတ် ၁၇၈၈၊ ၂၆ ဖေဖော်ဝါရီ ၁၈၁၀) ဆိုတဲ့ အမိန့်တော်တွေလည်း ရှိပါတယ်။ လူနေစိပ် လို့ မီးစိုးရိမ်ရတယ်ဆိုပြီး တချို့အိမ်တွေ ဖျက်ပေး(၂၉ မတ် ၁၈၁၀၊ ၁ ဧပြီ ၁၈၁၀) ရတာတွေလည်း တွေ့ပါတယ်။ မီးကြီးလောင်ပြီးရင် မီးဘေးဒုက္ခ သည်တွေကို အစားအစာ၊ အဝတ်အထည် အခမဲ့ပေးဝေဖို့ စီမံ(၁၃ ဖေဖော် ဝါရီ ၁၇၈၈၊ ၁၁ ဧပြီ ၁၈၀၆) စေပြီး မီးစလောင်တဲ့အိမ်က လူတွေနဲ့ မီးငြိမ်း သတ်တဲ့အခါ မကူညီသူတွေကို (၁၀ ဧပြီ ၁၈၀၆၊ ၁ အောက်တိုဘာ ၁၈၀၆၊ ၂၈ ဧပြီ ၁၈၁၀) အပြစ်ပေးတာ တွေ့ရပါတယ်။ မီးဝန်(မီးသတ်အရာရှိ)ကို (၁၅ စက်တင်ဘာ ၁၇၈၄)မှာ ခန့်ထားခဲ့ကြောင်း တွေ့ရဖူးပါတယ်။

❐

mgyoe.com

mgyoe.com

# ၄

ဟံသာဝတီ ဆင်ဖြူရှင် ၁၅၅၄–၁၅၈၁ လက်ထက်မှာ အသည်လို့ခေါ်တဲ့ တိုင်းသူပြည်သားအများလည်း အရာရှိအရာခံနဲ့ လက်နက်ကိုင်တွေလို သစ္စာရေသောက်ရမယ်(အမိန့်တော် ၁ မတ် ၁၉၆၉)ထုတ်ခဲ့တယ်။ အဲဒါ အစဉ်အလာမဟုတ်လို့ ဆန်းတယ်လို့ ယူဆရပါတယ်။ မင်းတစ်ပါးအုပ်ချုပ်တဲ့ နိုင်ငံတော်မှာ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံဆိုတဲ့ လူနှစ်မျိုးပဲ ရှိတယ်။ အုပ်ချုပ်သူထဲမှာက မင်းက ထိပ်ကဖြစ်လို့ မင်းခန့်ထားတဲ့ အမှူးအမတ်၊ အရာရှိ၊ အရာခံတွေက မင်းကိုယ်စား ရာထူးဌာနအလိုက် အုပ်ချုပ်ကြရမှာဖြစ်လို့ မင်းက သူတို့ကို ရာထူးခန့်ထားတဲ့အခါ သူတို့က မင်းတိုက်တဲ့ သစ္စာရေကို သောက်ရမယ်။ (၁၂ အောက် ၁၇၈၃၊ ၁၂ ဖေ ၁၇၈၅) ဆိုတဲ့ အမိန့်တော်ထဲမှာ သစ္စာရေကို ရတနာသိင်္ဃမှာ လာသောက်ရမယ်လို့ပါ တယ်။ အဲဒါကတော့ အမိန့်တော်ကို နောက်ရေးကူးတဲ့လူတွေရဲ့ အမှားဖြစ်မယ်။ ၁၇၈၃ မှာ မြို့တော်ဟာ အဝဖြစ်ပါတယ်။ ၁၇၈၅ မှာ အမရပူရဖြစ်မယ်။ ဒါပေမယ့် ပြည်သူတွေလည်း သစ္စာတော်ခံရမယ်ဆိုတဲ့ အယူအဆဟာ လက်တွေ့မလုပ်နိုင်သည့်တိုင်အောင် စောစောကပဲ ဖြစ်ပေါ်ခဲ့တယ်လို့ ထင်ပါတယ်။ အလောင်းမင်းတရား ၁၇၅၂–၁၇၆၀ မင်းဆက်အသစ်ကို ထူထောင်တဲ့အခါ မြန်မာတို့လွှမ်းမိုးအုပ်ချုပ်ပိုင်ခွင့်ကို ဖျက်ဆီးတဲ့လူတွေကို နှိပ်ကွပ်မယ်။ အဲဒါကြောင့် မြန်မာမှန်သမျှ သူ့သစ္စာ ခံယူပြီးဖြစ်တယ်။ (၂

mgyoe.com

mgyoe.com

ဇန် ၁၇၅၅)လို့ အမိန့်တော်ရှိဖူးပါတယ်။ ဒီလိုပဲ ဗဒုံမင်း ၁၇၅၂–၁၈၁၉ ကလည်း အသည်မှန်သမျှ မင်းရဲ့သစ္စာခံဖြစ်တယ်။ (၂၀ ဧပြီ ၁၇၈၈)လို့ အမိန့်တော်ရှိပါတယ်။ လက်နက်ကိုင်တွေကိုတော့ အစစ်အမှန် **သစ္စာစံယူပွဲ** (၁၂ မေ ၁၇၈၂) လုပ်ပါတယ်။ အဲဒီလိုပဲ လက်နက်ချပြီး ဝင်လာတဲ့ **စားပြ**တွေ စစ်မှုထမ်းတဲ့အခါ လက်ရသုံ့တွေ စစ်မှုထမ်းတဲ့အခါ (၁၀ ဩ ၁၈၀၆၊ ၅ ဒီ ၁၈၀၆၊ ၁၅ နို ၁၈၀၇) (တင်၊ ၄၊ ၁၉၃၃၊ ပိုဒ် ၄၈၃၊ စာ ၁၇၆–၁၈၀ ကို ကြည့်။)

အသည် (အရပ်သား)နဲ့ စုသား (ဝန်ထမ်း) တွေကို သစ္စာခံယူစေတဲ့အခါ အမည်စာရင်း (အိမ်ထောင်ဦးစီးနဲ့ မှီခိုသူသားမယားကို အမည်၊ မွေးနံ၊ အသက်၊ ဦးစီးနဲ့ တော်စပ်ပုံ)ကို ရှိပြီး စာရင်းမှာ မှန်ကန်တိကျအောင် ပြင်ဆင်ရပါတယ်။ ဒီလိုစာရင်းကို ပုရပိုက်နဲ့ ရေးမြဲဖြစ်တယ်။ အသုံးများတဲ့ ထုံးစံပုရပိုက်ဆိုရင် အရှည် ၁၅ လက်မ၊ ဖြက် ၆ လက်မ ရှိမယ်။ အခေါက်တစ်ခေါက်ပဲရှိရင် လွှာချင်း၊ တစ်ဆယ့်ခြောက်ခေါက်ရှိရင် တစ်ရေစီးခေါ်တယ်။ (ဆူဝက်လို့လဲ ခေါ်တယ်။) ပုရပိုက်တစ်ဆူမှာ သုံးဆယ့်နှစ်ရေစီးရှိတယ်။ လွှတ်သုံးရုံးက ပုရပိုက်ဟာ ထုံးစံပုရပိုက်ထက် ကြီးရမယ်လို့ သတ်မှတ်တဲ့ အမိန့်တော်(၁၉ ဧပြီ ၁၆၆၄) ရှိဖူးပါတယ်။ ဘုရင်သိရိပဝရမဟာ ဓမ္မရာဇာ (ဝမ်းဘဲအင်းစံမင်း) ၁၆၇၃–၁၆၉၈ လက်ထက်မှာ လက်နက်ကိုင် တပ်စုတိုင်းရဲ့ သမိုင်း၊ မင်းမှုထမ်း အစုအသင်းတွေရဲ့ သမိုင်းကို ရေးသား ဆက်သွင်းရမယ်လို့ အမိန့်တော် (၂ ဇွန် ၁၆၇၄) ရှိခဲ့ဖူးပါတယ်။ တိုင်းသူပြည်သား 'လူမျိုးတစ်ရာ့တစ်ပါး' စာရင်း ၃၀ စက်တင်ဘာ ၁၃၇၈ မှတ်တမ်းတစ်ခုမှာ ရှိခဲ့ဖူးတယ်လို့လဲ (၂ ဇွန် ၁၆၇၄) အမိန့်တော်မှာ ပါတယ်။ ရည်ညွှန်းတဲ့ မှတ်တမ်းက ဇမ္ဗူတံဆိပ် (အခုရှာမရ)ဖြစ်မယ်။ အဲဒီကျမ်းကို ညွှန်သူက ကျော်ထင်ဖြစ်ပါတယ်။ အမည်တစ်ရာ့တစ်ခုကို ပြောတဲ့အခါ သောနနန္ဒဇာတ် (၅၃၂) မဟာသုတသောမ (၅၉၇)နဲ့ မဟာဥမင် (၅၄၆) တွေကိုလည်း ညွှန်းပါတယ်။ အဲဒီဇာတ်တွေမှာ မင်းတစ်ရာ့တစ်ပါး ရှိတယ်။ လူမျိုးတစ်ရာ့တစ်မျိုးရှိလို့သာ မင်းလည်း တစ်ရာ့တစ်ပါးရှိတယ်လို့ ဆိုလိုတယ်။ တချို့အမည်က တကယ်မရှိပါ(တင်၊ ၂၊ ၁၉၃၂၊ ပိုဒ် ၁၈၆၊ စာ ၂၄–၃၆ကြည့်)။ **အမိန့်တော်တွေထဲမှာ လူမျိုးတစ်ဆယ့်ရှစ်မျိုးပဲ ရှာလို့တွေ့တယ်။**

ကချင်၊ (သိန်ပေါ) ၃၀ မတ် ၁၈၀၇၊

mgyoe.com

mgyoe.com

ကတူး၊ ၂၁ အောက် ၁၈၀၈၊

ကရင်၊ ၁၇ စက် ၁၇၈၇၊

ကသည်း၊ စမ္ဘူ ၁၉၆၀ စာ ၁၅၊ ၂၀ ဇူ ၁၇၈၇ က ၂၈ ဩ ၁၈၄၉ထိ (အမိန့်တော်များ)

ကုလား၊ ၅ မေ ၁၇၄၅–၁၉ နို ၁၈၁၀၊

ကုလားဖြူ၊ ၁၀ ဩ ၁၇၉၅–၁ မတ် ၁၈၅၉၊

ကောင်ဟန်၊ ၃ မေ ၁၈၁၀၊

ကွေ့ (မင် မင်းဆက် ၁၃၆၈–၁၆၄၄၏ နောက်ဆုံး ဧကရာဇ်ယုန်လီ၏ နောက်လိုက်ဗိုလ်ပါကို ကရင်၊ ရှမ်း၊ ဝတို့မှာဖြန့်ပြီး လူစုခွဲထားတယ်။ ၁၃ အောက် ၁၈၀၈–၂၃ အောက် ၁၈၀၈၊

ချင်း၊ ၂၁ ဇန် ၁၇၈၈–၂၄ ဇူ ၁၇၉၅၊

တလုတ်တရက် ပန်းသိယ်(Hui Hui) ၈ ဖေ ၁၇၈၈–၁၉ ဧပြီ ၁၈၃၃၊

ဗရင်ဂျီ၊ ၁၉ ဒီ ၁၆၆၆–၃၁ ဇန် ၁၈၇၂၊

မြန်မာ ၇ နိုဝင်ဘာ ၁၈၀၆၊

မွန် ၂ ဇန် ၁၇၅၅–၆ ဇွန် ၁၇၅၅

ယိုးဒယား၊ ၁၃ စက် ၁၈၀၆–၁၁ ဧပြီ ၁၈၇၉၊

ယွန်၊ ၈ ဇန် ၁၇၆၇၊

ရခိုင်၊ ၂၄ ဇူ ၁၇၈၇၊

ရှမ်း၊ ၁၂ ဇူ ၁၇၈၇–၂၁ အောက် ၁၈၀၈၊

လူးဝ၊ ၂၉ ဧပြီ ၁၈၀၆–၇ ဧပြီ ၁၈၀၇၊

မွန်၊ ရှမ်း၊ ယွန်း၊ ယိုးဒယား၊ ကသည်း၊ ကုလားတို့ နေရာဒေသတစ်ခုခုကို အောင်မြင်ပြီးတဲ့နောက် လက်ရသုံ့တွေကို မြန်မာမြေပြန့်ကို ခေါ်ဆောင်လာပြီး နေမြေ၊ စားမြေ၊ လုပ်မြေ ပေးထားတယ်လို့ အထက်က ပြောခဲ့ပြီးပါပြီ။ (Harvey 1967,347) ဒီလိုလူသစ်တွေရောက်လာတော့ မြန်မာနိုင်ငံရဲ့ လူဦးရေလည်း တိုးလာတယ်။ လူမျိုးအရေအတွက်လည်း များလာတယ်။ (၂ ဇွန် ၁၆၇၉)။ လူသစ်အားလုံးကိုပဲ ရှိပြီးလူတွေက ကျေကျေနပ်နပ် လက်ခံကြပါတယ်။ ဆိုလိုတာက လူသစ်တွေဟာ လူဟောင်းတွေကို ဝင်ရောက်ယှဉ်ပြိုင်ပြီး နေရာလုတာမဟုတ်ဘဲ မြေရိုင်းကို ခုတ်ထွင်ပြီး လယ်သစ်တည်ကြ

mgyoe.com

mgyoe.com

လို့ လုပ်အားတိုးလာတယ်။ လယ်ထွက် ကိုင်းထွက် ဥယျာဉ်ထွက် ကောက်ပဲ သီးနှံပိုများလာလို့ အနေအထိုင်နဲ့တကွ အလုပ်အကိုင် အစားအသောက် စည်ပင်သာယာ ပြန့်ပြောလာတယ်လို့ တွေ့ရပါတယ်။ သူတို့ဟာ စစ်မှုထမ်း စာရင်းဝင်တယ်ဆိုပေမယ့် ဟိုခေတ်အခါကပုံစံအတိုင်း စစ်ရေးစစ်ရာမရှိတဲ့ အခါ သူတို့လည်း တောင်သူတွေ လယ်သားတွေပါပဲ။ သားမယားအဆွေ အမျိုး အုပ်စုမပျက် တပ်ခေါင်းကို သူကြီးအရာထားပြီး စိုက်ပျိုးလုပ်ကိုင် စားသောက်ကြတယ်။ သူတို့အားလုံး လယ်သစ်တည်တယ်လို့ မဆိုနိုင်ဘူး။ တချို့ဟာ မင်းပိုင်တဲ့ အရာတော်မြေ၊ သာသနာပိုင်တဲ့ ဝတ္တကမြေတွေကို လုပ်ခွင့်ရလို့ ဆည်ရေသောက် လယ်ကောင်းမြေကောင်းမှာ နေခွင့်လုပ်ခွင့် ရကြလို့ ကြီးပွားချမ်းသာသူတွေလည်း ရှိပါတယ်။ ဒီလိုမြေမျိုးက အများအား ဖြင့် ကျောက်ဆည်နဲ့ စလင်းမှာ ရှိပါတယ်။ တစ်ခါတစ်ရံလည်း မြေကောင်း ပေမယ့် လုပ်သူမရှိလို့ တောဖြစ်နေရင် သူတို့က တောရှင်းပြီး မြောင်းဟောင်း ဖော်ရုံပဲ လုပ်ရပါတယ်။ ကျောက်ဆည်မှာ လူဦးရေကို ဒီနည်းနဲ့ပဲ ဖြည့်လေ့ ရှိပြီး ဒီတာဝန်ကျရောက်တာဟာ မြေကျွန်ဘဝကို နစ်မွန်းရောက်ရှိသွားတာ မဟုတ်ဘဲ ဂုဏ်ယူစရာပင် ဖြစ်တယ်လို့ ပြောနိုင်ပါတယ် (Harvey 1967, 318)

ဇင်းမယ်(Chiengmai) မှာရောက်ပြီး အခြေစိုက်နေတဲ့ မြန်မာတပ် သားဟောင်းတွေက ဆင်းသက်တဲ့သူတွေကို ကောင်ဟန်တွေကို ရှမ်းနဲ့ တွဲဖက်ပြီး ယွန်းကောင်ဟန်၊ ဝင်းကောင်ဟန်နဲ့ တပ်ကောင်ဟန်ဆိုတဲ့ အမည်နဲ့ သုံးစုသုံးသင်း ရှိပါတယ်။ သူတို့က နေမြေ၊ စားမြေ၊ လုပ်မြေကို မူးနဲ့ ချင်းတွင်းမြစ်တစ်လျှောက်မှာ ရကြပါတယ်။ မိုးညှင်း၊ မိုးကောင်းက ရှမ်းကြီး (အညာရှမ်း)တွေကို ပဋ္ဌလငါးမြို့ (ငှက်ပျော၊ ညောင်ပင်၊ နဂါးစင်၊ ပင်းသာနဲ့ ရွာသာ)ဆိုတဲ့ ကန့်ဘလူနယ်ထဲမှာ နေရာချထားခဲ့တယ်။ ဇင်းမယ် က(Chiengmai)က ယွန်းတွေကို နွယ်တမယ်ခေါ်တဲ့ မင်းဘူးနယ်က ကျပင်း ဝန်းကျင်မှာ ချထားတယ်။ စစ်ကိုင်းနယ်က ရွှေဘုံသာ၊ ဓိးကုန်း၊ ဆူးလေ ကုန်းနဲ့ ပြင်ကာမှာ မွန်တွေနေရတယ်။ သူတို့အထဲမှာ ဆင် အမှုထမ်းတွေ ရှိတယ်။ ဆင်ကို ဖမ်းတယ်။ ယဉ်အောင် သွန်သင်တယ်။ မင်းအလိုတော် ရှိသလို သုံးနိုင်ဖို့ ဆင်ကို သင်ကြားပေးနိုင်တယ်။ ဆင်ကို အကြောင်းပြုပြီး သူတို့နေတဲ့နေရာဟာ တောနက်ရာ၊ ဆင်စာပေါ်များရာဒေသ ဖြစ်ရပါမယ်။

mgyoe.com

mgyoe.com

ဒါကြောင့် သူတို့ကို ချထားရာအရပ်တွေက စကုနယ်က မန်ကြိုနဲ့ အောက်ကျောင်း၊ စလင်းနယ်က မန်ကျည်းပြနဲ့ ဆန်ကျ၊ မင်းဘူးနယ်က ဖောင်လင်းအနီး သလွန်းတင်၊ မြင်းခြံနယ် စလေအနီး မြင်းရှစ်ဆယ်၊ ရေစကြိုအနီး ငှက်ပျောတော၊ ပခုက္ကူနယ် ပခန်းကြီးအနီး ဆင်ခြေရာနဲ့ ပန်းတောရွာ၊ မအူအနီး ဆံတော်၊ မုံရွာနယ် သစ်ဆိမ့်၊ ဆားထုံးနဲ့ ငခုံးတို့ ဖြစ်ပါတယ်။

မွန်ဇာတိ လက်မှုပညာသည်တွေက မြင်းခြံနယ်က ရွာတွေမှာ နေရတယ်။ သူတို့တတ်တဲ့ပညာနဲ့ လုပ်ရတဲ့အလုပ်နဲ့ ရတဲ့ပစ္စည်းတွေက ရွှေကား၊ ဆင်က၊ ကဖြူ (သာမန် အရပ်သားအတွက်)၊ ကမဲ (အရာရှိငယ်အတွက်) ကနီ (အရာရှိကြီးအတွက်) ဆံပင်အထုံးအဖွဲ့ဖြစ်တဲ့ သန်းတပေါ်၊ သန်းတရာနဲ့ ဘုံသာတွေ ဖြစ်ပါတယ်။ အမိန့်တော်တစ်ခုမှာ မွန်မိသားစုတချို့နဲ့ ရခိုင်ရှစ်အိမ်ထောင်ကို မဟာမုနိမှာ ဘုရားဝေယျာဝစ္စလုပ်စေလို့ ခိုင်းပါတယ် (၂၁ ဩ ၁၇၈၇)။ အစ္စလာမ်ဘာသာဝင်တွေကို မြေတူး၊ မုတ်ဆိုးဗိုလ်နယ်မှာ မြေတူး၊ စစ်ကိုင်းနယ်မှာ ပင်းယ၊ ကန်လူ၊ ရမည်းသင်းနယ်မှာ ယင်းတော်၊ ကျောက်ဆည်မှာ လက်ပံရွာတွေမှာ နေစေတယ်။ ဘရင်ဂျီတွေကိုတော့ စစ်ကိုင်းနယ် ပရိမ္မမှာ ပထမထားပြီး နောက်တော့ မူးနဲ့ ချင်းတွင်းတစ်လျှောက်မှာ ဖြန့်ထားပါတယ်။ ဥရောပတိုက်သားတွေကို မကြာခဏဆိုသလို ဖမ်းမိတဲ့အခါ ဘယ်မှာနေရာချတယ်လို့ ဖော်ပြတဲ့ မှတ်တမ်းတစ်ခု (၂၅ ဧပြီ ၁၈၃၇)မှာ တွေ့ရတယ်။ သူတို့လည်း လက်နက်ကိုင်တပ်သားအဖြစ်နဲ့ ဘုရင့်အမှုတော်ကို ထမ်းပါတယ်။

အရှေ့မုကြောင်းတွင် ၁၇၈၃ ချထားသော နိုင်ငံခြားသားတို့ နေထိုင်ရာရွာ–

| ရွာ | တိုင်းရင်းသား | နိုင်ငံခြားသား | အစုစု | လက်နက်ကိုင် |
|---|---|---|---|---|
| ကလုံ | | | | ၃ |
| ကန်ပရစ် | | | | ၁၆ |
| ကျား | ၁၂ | ၁၃၂ | ၁၄၄ | ၅၅ |
| ကြောင်သင်း | ၁၀ | ၃၁ | ၄၁ | ၅ |
| ခင်လပ် | ၂၁ | ၁၅ | ၃၆ | |
| နစမ် | ၄ | ၃ | ၇ | |
| ငါးရုံ | | ၃၀ | ၃၀ | ၂၀ |

mgyoe.com

mgyoe.com

| | | | | |
|---|---|---|---|---|
| စစ်လျှင် | ၁ | ၁ | ၂ | |
| ဆင်အင်း | ၇၆ | ၆၈ | ၁၄၄ | ၅၅ |
| ညောင်ပင်သာ | ၇ | ၂၇ | ၃၄ | ၁၁ |
| နှမဇရစ် | ၁၆ | ၂၉ | ၄၅ | ၁၁ |
| ပရန် | ၂၆ | ၁၂၇ | ၁၅၃ | ၁၀ |
| ပန်းတံဆိပ် | ၁၂ | ၃၃ | ၄၅ | ၁၁ |
| မအုပ် | ၉၇ | ၂၄ | ၁၂၁ | ၂၃ |
| မူးသာ | ၁၆၅ | ၃၇ | ၂၀၂ | ၅၅ |
| မိုးကောင်း | ၄ | ၆ | ၁၀ | ၃ |
| မောက်ဘမ်း | ၅ | ၂၇ | ၃၂ | ၄ |
| မုန်တောင်ကြီး | ၅၁ | ၆၆ | ၁၁၇ | ၁၀ |
| မုန်တောင်လှ | ၁၂ | ၃၃ | ၄၉ | ၁၀ |
| မုန်လှ | ၁၂၆ | ၁၂၄ | ၂၅၀ | ၁၅ |
| မြကန် | | | | ၈ |
| မြို့လှကြီးဖြူကုန်း | ၈၀ | ၆၃ | ၁၄၃ | ၁၂ |
| မြို့သစ်ကြီး | ၂၆ | ၁၃၁ | ၁၅၇ | ၁၉ |
| မြန်ကျမန်ကျည်းသုပ် | ၅၄ | ၃၂ | ၈၆ | ၁၀ |
| မြင်းတောင် | ၈ | | ၈ | |
| မြင်းမြောက် | ၃၁ | ၂၂ | ၅၃ | ၁၁ |
| မြင်းစီးမြောက် | ၄၂ | ၄ | ၄၆ | ၁၁ |
| ယူတော်မူ | ၁၃ | ၂၀၅ | ၂၁၈ | ၁၀၈ |
| ယင်းတိုက် | ၁၉၉ | ၁၈၄ | ၃၈၃ | ၁၁၅ |
| ရှင်မင်းထွေး | | | | ၂ |
| ရှပ်တိ(ပျက်) | ၁၀ | ၂ | ၁၂ | |
| ရွှေဂူ | | | | ၃ |
| လိပ်ချန် | ၂၄၃ | ၂၉ | ၂၇၂ | ၁၃ |
| ဝင်စင် | | ၂၁ | ၂၁ | |
| သပြေပင်မင်း | | ၂၃ | ၂၃ | ၆ |
| အလုံတောင် | ၂၉ | ၁၁ | ၄၀ | ၂၉ |

mgyoe.com

mgyoe.com


| | | | | |
|---|---|---|---|---|
| အလုံမြောက် | ၂၄ | ၁ | ၂၅ | |
| သာဝတ္တိ | ၁၆၇ | ၂၄၆ | ၄၁၃ | ၂၅ |
| အောင်ချမ်းသာ | ၅၀ | ၂၃ | ၇၃ | ၉ |
| အိုင်ပေါင်းချောင် | ၄၆ | ၄၅ | ၉၁ | ၃၃ |
| | ၁၆၆၇ | ၁၈၅၉ | ၃၅၂၆ | ၇၅၁ |

ဒီစာရင်းမှာ လူဦးရေရဲ့ ၂၁ ရာနှုန်းဟာ စစ်မှုထမ်းတယ်။ ၇၀ ရာနှုန်းဟာ နိုင်ငံခြားသားဖြစ်ပါတယ်။

❐

mgyoe.com

mgyoe.com

# ၅

၁၈၆၇ မှာ မန္တလေးမှာ ဘရင်ဂျီ ၅၀၀၊ နဘက်မှာ ဘရင်ဂျီ ၃၀၀၊ ချောင်းဦးမှာ ဘရင်ဂျီ ၄၀၀၊ မုံလှမှာ ဘရင်ဂျီ ၄၈၃၊ ရေဦးမှာ ဘရင်ဂျီ ၁၂၀၊ ရောင်းသာမှာ ဘရင်ဂျီ ၆၀၀ ရှိတယ်လို့ သိရတယ်(ဟာဗေ ၁၉၂၅၊ စာ ၃၄၉)။ လူမျိုးအလိုက်နေကြတဲ့ ဝေပုံကျကတော့ အများသိတဲ့အတိုင်း ရှမ်းကအရှေ့၊ (မွန်)နဲ့ ကရင်က အရှေ့နဲ့ အရှေ့တောင်၊ ရခိုင်နဲ့ချင်းက အနောက်၊ ရှမ်း၊ ကချင် မြောက်၊ အလယ်မြေပြန့်မှာ မြန်မာနဲ့ ကုလားပျက် နည်းနည်းရှိပါတယ်။ တချို့ကို ယုံကြည်မှုအလိုက် ခရစ်ယာန်နဲ့ မွတ်စလင် လို့ အလွယ်အုပ်စုဖွဲ့လိုက်တာလည်း ရှိပါတယ်။ ရှမ်းယွန်းနဲ့ ယိုးဒယား (ထိုင်း)တွေပါ ရောက်လာပြီး တိုင်းရင်းသားနဲ့ ရောသွားတာလည်း ရှိတယ်။ ရိုးရာအစွဲအလမ်းကို မပယ်သေးပေမယ့် သိသိသာသာ သူစိမ်းပုံစံ မရှိကြ တော့ပါ။ စစ်မက်ကာလကလွဲရင် သူတို့တစ်တွေလည်း လယ်သမားဖြစ်နေ ကြပါတယ်။ အစဉ်အဆက်သဘောထားကလည်း သုံးခါလည် အသည်ဖြစ် ဆိုတယ်မဟုတ်လား။ (မနုကျယ် ၁၈၇၄၊ စာ–၂၁၅)။

နိုင်ငံခြားသားတွေ ကုန်စည်ကူးသန်းရောင်းဝယ်ကြဖို့ ရောက်လာ ရင် မင်းမှုထမ်းဖို့ ရက်ကာလအပိုင်းအခြားနဲ့ စာချုပ်ပြီးရောက်လာရင် မြန်မာမြေမှာ နေသမျှကာလမှာ ကိုယ်ပိုင်အိမ် ဆောက်နေချင်နေ၊ ငှားနေချင် နေ(၃ ဧပြီ ၁၆၆၇)၊ ဒါပေမယ့် ကိုယ့်မြေကို ပြန်တော့မယ်ဆိုရင် ကိုယ်ပိုင် အိမ်ဆိုပြီး မရောင်းနိုင်၊ (၁၈ နိုဝင်ဘာ ၁၆၅၇)(ဟာဗေ ၁၉၂၅၊ စာ–၃၅၀)၊

mgyoe.com

mgyoe.com

ဟံသာဝတီမြို့ဝန်ဟာ နိုင်ငံခြားသားတွေနဲ့ အများဆုံးတွေ့ဆုံရသူဖြစ်လို့ သူတို့ ရိုသေခန့်ညားအောင် တင့်တင့်တယ်တယ် ဝတ်စားဆင်ယင်ခွင့် ပြုတယ်လို့ အမိန့်တော်တစ်ခု ရှိဖူးပါတယ် (၉၊ ဖေဖော်ဝါရီလ ၁၈၀၆)။ ဒီအကြောင်းပြချက်မျိုး ပဲကျော်ပြည်(ဗီယက်နမ်)ကိုသွားတဲ့ သံအဖွဲ့(၄ မတ် ၁၈၀၆)နဲ့ သီဟိုဠ်(သီရိလင်္ကာ)ကို သွားတဲ့သံအဖွဲ့ (၉ ဖေဖော်ဝါရီ ၁၈၁၀) ပါ သံအရာရှိတွေကို ရာထူးတစ်ဆင့်တိုးပြီး သက်ဆိုင်ရာ ဝတ်ကောင်း ဝတ်လှတွေကို ပေးခဲ့ပါတယ်။ အကောက်အခွန်ဌာနမှာ နိုင်ငံခြားသားပေးတဲ့ လက်ဆောင်ပစ္စည်းတွေကို မြို့ဝန်အပါအဝင် ဆိပ်ကမ်း အခွန်ဆိုင်ရာအရာရှိကို ဝေယူစေပါတယ် (၂၈ ဇူလိုင် ၁၇၈၇)။ မင်းနေပြည်တော်မှာ သံတဲကို တစ်သီးတခြားထားပြီး တောင်သမန်မှာ ဆောက်ပေးစေတယ် (၁၄ ဇွန် ၁၇၉၅)။ ပင်လယ်ရပ်ခြားကုန်သည်တွေကို ဘုရင်အလိုရှိရာ နိုင်ငံခြားပစ္စည်း တင်သွင်းပေးသူတွေအနေနဲ့ အသုံးတော်ခံလို့ အလွယ်တကူ ခေါ်ဝေါ်လေ့ ရှိတယ်။ သူတို့ကို ပင်လယ်ဆိပ်ကမ်းမှာ နေစေပြီး ဘုရင့်ရှေ့တော်မှောက် ကို ဝင်ရောက်ခွင့် ရံဖန်ရံခါ ပြုတယ်။ ဒီလို ဝင်ခွင့်ရတဲ့အခါ လက်ဆောင် ပဏ္ဏာတွေ ယူလာဆက်သွင်းပြီး နောက်ထပ် ပစ္စည်းတင်သွင်းခွင့်ကိုလည်း ဘုရင့်ထံမှ အမိန့်တော်ရယူကြပြန်တယ်(၈ စက်တင်ဘာ ၁၈၁၇)။ အဲဒီ ကုန်သည်ကြီးတွေက...

ရန်ကုန်မြို့နေ သင်္ဘောသူကြီး အသုံးတော်ခံ အာကာဝတ်(JACOB AGAZAR)၊ အရှဲ့(TURKEY)မြို့နေ သင်္ဘောသူကြီး အသုံးတော်ခံ သီရိဘင်္ဂလွန်(SRI BANGALON)၊ ကာရာပစ်(CARAPIET)(ARMENIA)၊ ဖာရသီ (PERSIA)၊ နော်ရွတ်ဇီ(NORANJI)၊ ဘင်္ဂလား(BENGAL)မြို့နေ ရတံဇီ (RATANJI)တို့ ဖြစ်ပါတယ်။ သူတို့ကို မိဖုရားနဲ့ မောင်းမတွေ အလိုတော် ရှိရာ အလှကုန်နဲ့ ဘုရင်အလိုတော်ရှိရာ သေနတ် မှာယူဆက်သွင်းစေတယ်။ အိန္ဒိယက ဗြာဟ္မဏတွေ၊ ရခိုင်ကတစ်ဆင့်၊ အာသံကတစ်ဆင့် လာတဲ့ ဗြာဟ္မဏတွေကို မင်းဆရာ အခါတော်ပေး ပုဏ္ဏားအဖြစ်နဲ့ သုံးမှာဖြစ်ပါ တယ်။ အိန္ဒိယ မွတ်စလင်(Muslim)တွေကို မြန်မာမင်းက စစ်သည်တော်တွေ အဖြစ်နဲ့ ငှားရမ်းအသုံးပြုပြီး မကြာမီဘဲ သူတို့က တိုင်းရင်းသားအဖြစ် သားစဉ် မြေးဆက် နေသွားကြတာတွေလည်း အများအပြား ရှိတယ်။ သူတို့ လူဦးရေ တိုးပွားများပြားလာလို့ သီရိမဟာသီဟသူရစနေမင်း ၁၆၉၀–

mgyoe.com

mgyoe.com

၁၇၁၄ ကနေ မြေစားမြေအဖြစ်နဲ့ ပေးတဲ့ မြေရှိရာ တစ်ဆယ့်နှစ်နယ် (ဘုရင် ၁၉၆၃၊ စာ–၁၃)က စည်ပုတ္တရာ၊ စည်သာ၊ ညောင်ရမ်း၊ တပယင်း၊ တပက်ဆွဲ၊ တောင်ငူ၊ ပင်းတလဲ၊ ဇောခိ၊ မိတ္ထီလာ၊ မြေတူး၊ ယင်းတော်နဲ့ ရမည်းသင်းဆိုတဲ့ နေရာတွေဖြစ်ပါတယ်။ အဘိရှဟုစိန်နီ (ABISHA HUSSANI)လို့ခေါ်တဲ့ ပုဂ္ဂိုလ်ကို မွတ်စလင်အယူဝါဒရှိသူတွေရဲ့ ခေါင်းဆောင်အဖြစ် ၁၈၀၇ မှာ ခန့်ထားခဲ့ပါတယ်(၁၇ နိုဝင်ဘာ ၁၈၀၇)။ အဲဒီပုဂ္ဂိုလ်က အာရဗီ(Arabic) ဘာသာနဲ့ ကျမ်းစာအများ ယူဆောင်လာပြီး မြန်မာပြန်ခဲ့ပါတယ် (၁၆ ဒီဇင်ဘာ ၁၈၀၇)။

အတိုချုပ်ပြောရရင် အဲဒီခေတ်ကမြန်မာတွေဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေး မပြေပြစ်ပါ။ ထားဝယ်က ထိုင်းအမျိုးသားတွေ သူတို့နိုင်ငံဘက် ပြောင်းသွားကြတာကို ပြန်ပို့ပေးရမယ်(၁၅ ဇန်နဝါရီ ၁၇၆၀၊ ၁၉ ဇန်နဝါရီ ၁၇၆၀)လို့ တောင်းဆိုခဲ့တယ်။ ဒါကို တစ်ဖက်က ဂရုမစိုက်တော့ စစ်တိုက်ဖို့ (၂၀ ဖေဖော်ဝါရီ ၁၇၆၀)အခွင့်ကောင်းပဲဆိုပြီး စစ်ကို စပါတယ်။ တကယ်က ၂၁ ဒီဇင်ဘာ ၁၇၅၉ ကပဲ တိုက်ခိုက်ရေးတွေ ပြင်ဆင်ခဲ့ပါတယ်။ အယုဒ္ဓယ ကျဆုံး(၉ ဧပြီ ၁၇၆၇)တော့ ထိုင်းနိုင်ငံကို ရတယ်။ ဒီအတောအတွင်းမှာပဲ တရုတ်က ဗန်းမော်ကို ၃၁ ဒီဇင်ဘာ ၁၇၆၆ တိုက်တယ်။ ဒါပေမယ့် ၁၅ ဒီဇင်ဘာ ၁၇၆၉ မှာ စစ်ရပ်စဲခဲ့ပါတယ်။ မဏိပူရကို သွားတိုက်တဲ့ စစ်သည်တွေ အောင်ပွဲရလို့ ၂၃ မတ် ၁၇၇၀မှာ ပြန်လာကြပါတယ်။ ရခိုင်ကို ၂ ဇန်နဝါရီ ၁၇၈၅ မှာ တိုက်ခိုက်အောင်မြင်တယ်။ ဒါပေမယ့် ခုခံသူတွေဟာ ဘင်္ဂလားအထိ ဆုတ်နေကြတယ်။ တစ်ဖက်ကလည်း နိုင်ငံရေး ခိုလှုံခွင့်ပေးတယ်။ နောက်တော့ ပြစ်မှုတွေ ကျူးလွန်တယ်ဆိုပြီး မြန်မာကို အပ်ပါတယ် (၃၀ မေ ၁၇၉၅)။ တရုတ်က အရင်မိုင်းလျဉ်း (Mongli)စား တောင်စွာကုန်(TAO SUA KONG)ဟာ လူဆိုးဖြစ်တယ်။ အခုမိုးညှင်းမှာ ခိုလှုံနေတယ်။ အပ်ပါ(၁၉ ဒီဇင်ဘာ ၁၈၀၅)တောင်းတယ်။ မအပ်ရင်လည်း မြန်မာကပဲ ဖမ်းပြီး ကွပ်မျက်ပါလို့ ဆိုလာတယ်။ ဘင်္ဂလားကို မေဃဝတီ(မာန်အောင်)က ပြေးသွားတဲ့ လူတွေအပ်ပါ(၂၅ ဧပြီ ၁၈၀၇)လို့ တောင်းတယ်။ ကောဝိလ(ဇင်းမယ်)ပုန်ကန်လို့ နှိမ်နင်းဖို့ မြန်မာတပ်တွေ လွှတ်ရတယ်(၂၇ ဩဂုတ် ၁၇၉၇)။ ထိုင်းဘုရင်က ကောဝိလကို အားပေးနေတယ်လို့လည်း စွပ်စွဲတယ်။ အဲဒါမျိုးတွေကြောင့် အိမ်နီးချင်းနဲ့ ဆက်ဆံ

mgyoe.com

ရေးကောင်းမလာဘူးပြောတာ ဖြစ်ပါတယ်။ တကယ်ကတော့ အဲဒီအခါက မြန်မာမင်း နန်းတော်မှာ ထိုင်းမင်းသမီးသုံးပါးရှိနေလို့ (၂၀ ဇွန် ၁၇၉၅) ဆက်ဆံရေးကောင်းသင့်တယ် ဆိုပါတော့။

အင်္ဂလိပ်ဆီက မြန်မာက သေနတ်နဲ့ အမြောက်လိုချင်တယ်(၄ မတ် ၁၇၅၅)။ ရမယ်ဆိုရင် ပုသိမ်နဲ့ နဂါးရစ်(NEGRAIS)မှာ ကုန်(FACTORY)ဖွင့်ဖို့ မြေနေရာပေးမယ်လို့ ပြောတယ်။

တိုက်(FACTORY)ဟာ ဟိုတုန်းက ကုန်ပစ္စည်းထုတ်လုပ်တဲ့ နေရာကို ခေါ်တာမဟုတ်ဘူး။ ကုန်ပစ္စည်း အသွင်းအထုတ်၊ အရောင်းအဝယ်လုပ်တဲ့ ပွဲရုံဆိုတဲ့အဓိပ္ပာယ်နဲ့ သုံးတယ်။ မြန်မာတွေက အင်္ဂလိပ်လူမျိုးဟာ ရောင်းဝယ်ရေး လိမ္မာတယ်၊ စစ်ရေးညံ့တယ်၊ ဒီလိုပဲ ထင်တယ်(၂၉ အောက်တိုဘာ ၁၇၅၇)။ အဲဒါနဲ့ နဂါးရစ်(NEGRAIS)ကို ၆ အောက်တိုဘာ ၁၇၅၉ မှာ တိုက်ခိုက်ဖျက်ဆီးလိုက်တယ်။ အင်္ဂလိပ်နဲ့ ဆက်သွယ်ရေးဖြတ်ပြီး ၁၇၆၁ ကျမှ ပြန်စရတယ်။ သဘော်ပြည်(CALCUTTA)က အမရပူရနေပြည်တော် (၂၆ ဇွန် ၁၇၉၅၊ ၂၈ ဇွန် ၁၇၉၅၊ ၁၉ ဩဂုတ် ၁၇၉၅)ကို မိကေသင်(MICHELSYMES)ကို သံအကြီးခန့်ပြီး ရောက်လာလို့ ၃၀ ဩဂုတ် ၁၇၉၅ မှာ ရှေ့တော်သွင်းခဲ့ပါတယ်။ သွင်းကုန်ဆိုင်ရာ ကုန်သည်ကို သဘော်ကုန် ပွဲစား(၂၁ စက်တင်ဘာ ၁၈၀၈)လို့ ခေါ်ပါတယ်။ ဒီလိုပွဲစားတိုင်း တစ်နှစ်ငွေချိန်ပိဿာ တစ်ရာပေးပြီး ကုန်တင်သွင်းခွင့် ယူကြရပါတယ်။ မင်းရဲရန္တမိတ် (မလွန်မြို့စား)ဟာ 'သဘော်ပြည်' (CALCUTTA) ကို ဆင်စွယ်တစ်ထောင်ကို ဘုရင့်အတွက် 'စီးပွားတော်ဖြစ်' ရောင်းဖို့ သွားရတယ်။ (၂၆ ဖေဖော်ဝါရီ ၁၈၁၀)။ ၁၆၆ ဒသမ ၆ရာနှုန်းမြတ်မယ်လို့ မှန်းတယ်။ ဒွါရဝတီ(သံတွဲ)က အကောက်ဝန် ငရွှေပန်းကို ငွေတော် ပိဿာ ၁၅၀ နဲ့ 'အနောက်ကုလားပြည်' ကို သွားစေပြန်တယ်(၇ မတ် ၁၈၁၀)။ 'လက်ဆောင်တော်ဆက်လာသူ' ဇမ်ကေနိ (JOHN CANNING)ကို ကောင်းကောင်းမွန်မွန် ဧည့်ခံတယ်(၂၈ ဖေဖော်ဝါရီ ၁၈၁၀၊ ၂၆ ဒီဇင်ဘာ ၁၈၁၁)။ ရန်ကုန်မှာ သဘော်သား ဇောရမိ(GEORGE)ဆီမှာ ငရွှေဘူး၊ ငရွှေရောက်၊ ငရွှေဦးတို့ကိုအပ်ပြီး အင်္ဂလိပ်စာ သင်စေတယ်(၃ မတ် ၁၈၁၀)။ ရတနာပုံ (ရန်ကုန်ဆိပ်)မှာ သေနတ်ယမ်းနဲ့ သေနတ်ကို နိုင်ငံခြားသား အင်္ဂလိပ်တွေဆီက ဝယ်တယ်။ (၂၁ ဖေဖော်ဝါရီ ၁၈၁၀၊ ၈ ပြေ ၁၈၁၀၊ ၁၂ ပြေ ၁၈၁၀)။

mgyoe.com

mgyoe.com

အစပထမတော့ အင်္ဂလိပ်နဲ့ ဆက်ဆံရေး ကောင်းသလိုပဲ။ နောင်ခါကျမှ တစ်မျိုးတစ်မည် ဖြစ်တာပါ။ ဘုရင့်အမိန့်တော်မြတ် ရှိဖူးတာက ဝိလတ် (ဘိလပ်၊ ဥရောပ)က လာတဲ့ အင်္ဂလိပ်တွေဟာ ဒီလီမင်း(MOGULS)ရဲ့ နယ်ပယ်တွေကို လုယူကြတယ်။ ဒီလိုပဲ ရခိုင်မင်းဆီက စစ်တကောင်း (CHITTAGONG)၊ ပန်းဝါ (RAMU)၊ ဒကာ (DECCA)တွေကို ယူတာပဲ။ ဒီတော့ တို့ဘက်က ဆိုးသွမ်းပြီး တစ်ဖက်နိုင်ငံမှာ ဝင်ရောက်ခိုအောင်းတဲ့ လူဆိုးကို လိုက်ဖမ်းဖို့ အင်္ဂလိပ်ဆီက ခွင့်ပြုချက်မလိုဘူး (၂၂ ဒီဇင်ဘာ ၁၈၁၇)။ ဒီလို အယူတော်ရှိလေတော့ စစ်ဖြစ်ရတဲ့အထိ ရှေ့တိုးဖို့ပဲ ရှိတော့တယ်။ အင်္ဂလိပ်မလိုလားသူတွေနဲ့ မဟာမိတ်ဖွဲ့လိုတဲ့ဆန္ဒနဲ့ အိန္ဒိယကို သံတမန်တွေ စေလွှတ်ပါတယ်။ (၆ ဩဂုတ် ၁၈၂၄)။ ကျန်တဲ့ဇာတ်ကြောင်းကို သိကြတဲ့အတိုင်း စစ်ဖြစ်ကြပြီး ၂၉ နိုဝင်ဘာ ၁၈၈၅ မှာ သီပေါမင်း (၁၈၇၈–၁၈၈၅) 'ပါတော်မူ' ရတယ်။

တရုတ်ကေရာဇ်ရဲ့ သဝဏ်လွှာ (၂၈ ဖေဖော်ဝါရီ ၁၇၅၀)ကို အဝဘုရင် မဟာဓမ္မရာဇာ မဟာဓိပတိ (၁၇၃၃–၁၇၅၂) ကို သင့်တင့်လျှောက်ပတ်သလို မြန်မာပြန်ပြီး ဆက်တဲ့အခါ ကျေနပ်တာပေါ့။ တရုတ်ကေရာဇ်နဲ့ ဂုဏ်ရည်တူ ညီတော်နောင်တော်တွေ ဖြစ်နေလို့ပါပဲ။ တရုတ်ကေရာဇ်က မြန်မာနိုင်ငံမှာ သူပုန်သူကန်ရှိရင် သူ့တပ်တွေလွှတ်ပြီး နှိမ်နင်းပေးမယ်လို့လည်း ပါသေးတယ်။ ဟိုဘက်ကပြောတဲ့သဘောက သူ့ပိုင်နက်ထဲမှာ ဆူပူနေရင် သူ့တာဝန်လို့ ဆိုလိုတယ်။ မြန်မာဘုရင်မင်းမြတ်အနေနဲ့ကတော့ သူသာလျှင် ကေရာဇ်ဆိုတဲ့ အစွဲကို မထိခိုက်အောင် ဘာသာပြန်ဖို့ သိပ်အရေးကြီးပါတယ်။ တရုတ်နိုင်ငံကရောက်လာတဲ့ အမျိုးသမီးသုံးဦးကိုလည်း လက်အောက်ခံ ပဒေသရာဇ်တွေက ဆက်သမြဲ သမီးကညာကို သိမ်းပိုက်တဲ့သဘောနဲ့ပဲ လက်ခံတယ် (၁၈ အောက်တိုဘာ ၁၇၉၀)။ ဒီလို နှစ်သက်ကျေနပ်အောင် လုပ်နိုင်တဲ့အတွက် တရုတ်ကုန်သည်တွေ အထူးအခွင့်အရေးတွေရပြီး ကြိုက်သလို ရောင်းဝယ်ဖောက်ကားခွင့် ရကြတယ်။ (၈ ဇူလိုင် ၁၇၉၅) တရုတ်ဝန်ဆိုတဲ့ အရာရှိက တရုတ်ကုန်သည်တွေ မနစ်နာရအောင် စောင့်ရှောက်ခွင့်ရသလို ခဲတွင်း ငွေတွင်းတွေမှာ အလုပ်လုပ်နေတဲ့ တရုတ်အမျိုးသားတွေရဲ့ အခွင့်အရေးတွေကိုလည်း ရသင့်ရထိုက်သမျှရအောင် ဆောင်ရွက်ပေးခွင့် ရပါတယ်။ ဒီလို ဆောင်ရွက်တဲ့အတွက်

mgyoe.com

mgyoe.com

ကုန်သည်နဲ့ အလုပ်သမားတွေက သူ့ကို ငွေပေးရတယ်။ ဒီလိုခွင့်ပြုတဲ့အတွက် သူက ဘုရင့်ကို တစ်နှစ်မှာ ငွေချိန်ပိဿာ တစ်ထောင် ဆက်ရတယ်(၁၅ ဇွန် ၁၈၀၁)။ မြန်မာဘက်က သယ်ယူသွားတဲ့ ထွက်ကုန်အတွက် အကောက်ကို စပွယ်နဂိုရ်မှာ ပေးဆောင်ရတယ်။ တရုတ်ဘက်ကသွင်းကုန်ကို ဗန်းမော်မှာ အကောက်ပေးရတယ် (၁၈ ဖေဖော်ဝါရီ ၁၇၈၈)။

ပြင်သစ်သင်္ဘောသားဆယ်ယောက်ကို မေဃဝတီ (မာရ်အောင်) မှာ သူတို့သင်္ဘောက အမြောက်နဲ့ အမြောက်ဆန်တွေပါ ဖမ်းဆီးသိမ်းယူတယ် (၂၄ မတ် ၁၈၀၇)။ အမြောက်ကို အမရပူရထိ ပို့ရတယ်။ ပြင်သစ်တွေကို ဟံသာဝတီကို ပို့တယ်။ (၁ နိုဝင်ဘာ ၁၈၀၇)။ ဘာကြောင့် ဒီလိုအရေးယူရတယ်၊ ဟံသာဝတီရောက်သွားတဲ့ ပြင်သစ်တွေကို ဘယ်မှာထားပြီး ဘယ်အလုပ်မျိုး စေခိုင်းသလဲဆိုတာတော့ မသိရပါ။ (ဟာဗေး ၁၉၆၇၊ စာ–၃၅၀ ကြည့်ပါ)။ ဘုရင်ဂျီ(FERINGHI)ရှိရာ မူးနဲ့ချင်းတွင်း ဒေသတွေကို ပို့လိုက်တယ်လို့တော့ တွေးထင်စရာ ရှိပါတယ်။

ကျော်ကသည်းဆိုတဲ့ (VIETNAM)နာမည်ကို ၂ ဖေဖော်ဝါရီ ၁၆၃၈ စသုံးတာ တွေ့ရပါတယ်။

သာသနာတော် တည်ရာကား အရှေ့ကိုလားသော် နားတစ်ဖက် ဖောက်(ပါး) တစ်ဖက်(ဆိုး) မှည့်တစ်လုံး မျက်နှာနဖူး မည်း ကျော်ကသည်း (VIETNAM) မြေနှင့် အစပ်၊ အရှေ့တောင်ကိုလားသော် ယွန်း (CHIENGMAI)၊ အကုန်ဂုန်(KENGTUNG)ပြည် မြေအဆုံး သမုဒ္ဒရာထိ၊ တောင်ကိုလားသော် သမုဒ္ဒရာ အနားဌ်ရှိသော ပသျှူး(MALAY)ပြည်၊ အနောက်တောင်ကိုလားသော် သမုဒ္ဒရာ အလယ်၌တည်သော စိမဟိလာ ကျွန်း၊ အနောက်ကိုလားသော် (သုရတန်)စိတ္တရဒါန် ပန်ထွာ (PANDYA) အခြားဖျား ပကိတ္တာရာမ ကုလားမြေစပ်။ အနောက်မြောက်ကိုလားသော် ကတူးကြီး ရောပေါ်မီးတက်စိမ့်တက်ခေါက် အက္ကပတ်(CACHAR) ကုလားမြေစပ်၊ မြောက်ကိုလားသော် ကမ္ဗောဇ(မောမြေ)၊ သင်းတွဲ(တကောင်း) မြေစပ်၊ အရှေ့မြောက်ကိုလားသော် သံတောင် သံတန်းတင် သံတံတား သံဘုရား။ ၄င်း ၈ ပါး ၈ ရပ်သည် နယ်သတ်သည် အတွင်း သာသနာတော် ပွင့်လင်းစွာ တည်လိမ့်မည်။ ဤသို့ နယ် ၈ ရပ်ကို ပိုင်းခြားသောမင်း သာသနာ့ဒါယကာတွင်မည်။ သာသနာတော်တည်ရာ အစောင့်အနေ

mgyoe.com

mgyoe.com
ကင်းဦး(အ)လံဖျား (ခန့်) ထားသည်ကား နားတစ်ဘက်ဖောက် (ပါး) တစ်ဖက်(ဆိုး) မျက်နှာ နဖူးမည်း ကျော်ကသည်း(VIETNAM)၊ ဂုန် (KENGTUNG)၊ လင်းစင် (VIENCHENCA) တနသ်ာရီ၊ ထားဝယ် (ဇမ္ဗူဒီပ ဥဆောင်း ၁၉၆၀၊ စာ–၄၈–၄၉)။

အဝနဲ့ ကျော်ကသည်း (VIETNAM) မဟာမိတ်အဖြစ် ဆက်သွယ်ရန်သဝဏ်လွှာ (ရန်ကုန်အမျိုးသားစာကြည့်တိုက် ပေ ၁၉၄၅) ပေးပို့တယ်။ (၈ အောက်တိုဘာ ၁၇၇၄) လို့ သိရပါတယ်။ သံအဖွဲ့ဟာ ကုန်းလမ်းခရီးနဲ့ ကျိုင်းရုံးကြီး (KENGHUNG SISOM PANNA) ကို ဖြတ်ပြီး သွားမယ်လို့ ယူဆနိုင်ပါတယ်။ သထုံပြန်တယ်လို့ သိရတယ်။ ရှင်ဘုရင်က မင်းကွန်းမှာ ရှိနေတုန်း ရောက်လာလို့ မင်းကွန်းကို သံအဖွဲ့လိုက်ရတယ်(၁၇ ဇွန် ၁၈ဝ၁)။ သူရိန်မနိပ်ပျံချီ ကျော်စွာကို ကျော်ကသည်း(VIETNAM)သံတွေနဲ့အတူ ပြန်ထည့်တယ်။ တူး ၁၂ ပန္နား (Sisom Panna)ကိုရောက်မှ ခြေမြန်မင်းစေတွေလိုက်လာပြီး ရှင်ဘုရင်ရဲ့ နောက်ထပ်ညွှန်ကြားချက်တွေကို အမိန့်တော်ပြန်တယ်(၅ ဇူလိုင် ၁၈၁၀)။ ကျော်ကသည်း (VIETNAM) အမှူးအမတ်တွေကို အဝမှူးမတ်တို့က ပေးစာကို မိုးနဲ့ဗိုလ်မှူးမင်းကြီး နော်ရထာ စီကုံးရေးသားတာကို မင်းဘုရားက အတည်ပြုပြီး ပေးအပ်လာပါတယ် (၁၅ ဇူလိုင် ၁၈ဝ၆)။ ကျော်ကသည်းသွား လူသုံးဆယ်နဲ့ အကြီးအကြပ်ပြုသူ တုရင်ပတိတို့မိုင်းက မယ်ခေါင်အဖြစ် အရှေ့ဘက်ကမ်း မိုင်းကကို ရောက်တဲ့အခါ ဘာအကြောင်းမှမပြဘဲ ပြန်လာဖို့ဆင့်ခေါ်လို့ ပြန်ခဲ့ကြရတယ်(၁၆ နိုဝင်ဘာ ၁၈ဝ၇)။ အလယ်ဗဟိုမှာခံနေတဲ့ ဘုံရန်သူ ထိုင်းကို အဝနဲ့ ကျော်ကသည်း ပေါင်းပြီး ချေမှုန်းမယ်။ ပြီးတော့ ဟိနယာန ဗုဒ္ဓဘာသာဖြန့်မယ်လို့ မြန်မာမင်းက ၁၈၂၀ လောက်မှာ ရည်ရွယ်ရင်း ရှိတယ်ဆိုတဲ့သဘော ထင်ရှားပါတယ်။ ဒါပေမယ့် ကျော်ကသည်း (VIETNAM) က စီးပွားရေးအရပဲ ဆက်သွယ်လိုတယ်။ ကတွေလမ်(CAO-DAHNLAN)နဲ့ ဒုဟာဖြဲတို့ သံအဖြစ် အမရပူရကို (၂၈ ဧပြီ ၁၈၂၂)ရောက်လာတော့ ကောင်းစွာ ညှော်ခံ ကျွေးမွေးပြုစုတယ်။ အပြန်ခရီး(၁၈ စက်တင်ဘာ ၁၈၂၂)မှာ နေမျိုးသီရိသူရ နော်ရထာကို သံဖက်ခံပြီး ထည့်လိုက်တယ်။ ထိုင်းကိုတိုက်ရန် ထိုးစစ် ခံစစ် (OFFENSIVE & EFENSIVE ALLIANCE)နှစ်မျိုးစလုံးလုပ်မယ်လို့ သဘောတူမတူမေးတော့ မတူလို့ ဖြေတဲ့အတွက် မြန်မာသံဟာ စေဂုံ(SAIGON)က

mgyoe.com

mg



၁၄ မတ် ၁၈၂၄ မှာ ထွက်ခဲ့ပါတယ်။ မြန်မာ–အင်္ဂလိပ်ပထမစစ်က ၅ မတ် ၁၈၂၄မှာ စတင်နေပြီဖြစ်လို့ ရေလမ်းနဲ့ပြန်လာတဲ့ မြန်မာသံဟာ ထားဝယ် အရောက် (၅ စက်တင်ဘာ ၁၈၂၄)မှာ အင်္ဂလိပ်က စစ်သုံ့အဖြစ် ဖမ်းဆီးထား လိုက်ပါတယ်။

အသည် (သာမန်အရပ်သား) ဆိုရင် ဆယ့်နှစ်မင်းတိုင်း လုပ်ဆောင် ရပါတယ်။ ဒါပေမယ့် သူတို့က လက်သုံးတော် မင်းစေတွေကလာပြီး တိုက်ရိုက်ခိုင်းပိုင်ခွင့် မရှိပါ။ ရွာသူကြီးကသာ လွှတ်တော်က စေခိုင်းချက် အတိုင်း မိမိလက်အောက်ရှိ ရွာသားကို ခိုင်းရတယ်။ ရွာသူကြီးနဲ့ မြေတိုင်း သူကြီး လုပ်ငန်းသဘောတူပါတယ်။ တပ်ဗိုလ်နဲ့ မြင်းစီးတွေက ခိုင်းဖို့လူ လိုရင် သူကြီးနဲ့ မြေတိုင်းမှာ တောင်းရပါတယ်(၇ ဇွန် ၁၈၀၁)။ နယ်ရှင် သူကြီးစေခိုင်းမရတဲ့ လူတစ်မျိုး ရှိပါသေးတယ်။ ဥပမာ ပိဋကကူးတဲ့ ကျောင်းစာရေးဟာ ကျိဝန် ဝန်စုမှာပါလို့ မင်းမှုထမ်းတိုင်း လွှတ်တယ်။ ဒီလိုပဲ မိဖုရားကြီး ကျွန်တွေလည်း လွှတ်တယ်(၁၂ ဧပြီ ၁၇၉၁)။ နောက် ကံကျွေး၊ ထုံးသုတ်၊ ထင်းခုတ် တာဝန်ကျသူတွေလည်း လွှတ်တယ်။

ပျူတွေ ငွေဒင်္ဂါးသုံးတယ်လို့ ယူဆနိုင်စရာ ဒင်္ဂါးတွေ ကျန်ရစ်တယ်။ ခရစ်နှစ်ရာစုကပဲ သုံးမယ်ထင်ရတယ်။ ဒါထက်တောင် စောရင်စောမယ်။ ဒါပေမယ့် ခရစ် တစ်ဆယ့်နှစ် တစ်ဆယ့်သုံးရာစုနှစ် ပုဂံမှာ ဒင်္ဂါးမသုံးပါ။ ရခိုင်မှာ ဒင်္ဂါးကို ခရစ် ငါးရာစုနှစ်ကပဲ စသုံးနေပြီလို့ သိရပါတယ်။ မြန်မာ မှာတော့ ဘိုးတော်ဘုရားလို့ တွင်နေတဲ့ ဗဒုံမင်း ၁၇၈၂–၁၈၁၉ လက်ထက် မှာ စတင်ခတ်နှိပ်သုံးစွဲခဲ့ပါတယ်။ ဗဒုံမင်းနန်းရစက ငွေကြမ်း ငွေဆန်း မလုပ်ရလို့ အမိန့်ထုတ်ခဲ့တယ်(၁၆ အောက်တိုဘာ ၁၇၈၃)။ ရောက်ရင် ရပ်စဲမယ်ဆိုတာမျိုး မဟုတ်ပါ။ ငွေညံ့ကို ဝမ်းပွ၊ ငွေစို့၊ ရွက်သေးလို့လည်း ခေါ်သေးတယ်။ အဲဒါတွေသုံးကြဖို့ အကြိမ်ကြိမ် သတိပေးတယ်။ (၁၆ အောက်တိုဘာ ၁၇၈၃၊ ၂၃ ဇူလိုင် ၁၇၈၄)။ ပြီးတော့မှ ၁၂ ဧပြီ ၁၇၈၅မှာ ရွက်နီကိုသာ သုံးကြရမယ်လို့ အမိန့်တော်ပြန်တယ်။ ရခိုင်အတွက် သက္ကရာဇ် ၁၁၄၆ (ခရစ် ၁၇၈၅) ရက်စွဲနဲ့ ဒင်္ဂါးထုတ်ပေးတယ်။ (၂၈ ဇန်နဝါရီ ၁၇၉၅၊ ၁၃ မတ် ၁၇၈၈၊ ၄ အောက်တိုဘာ ၁၇၈၇)။ ကြေးပိုက်ဆံ (တစ်ဖက်မှာ ငါးနှစ်ကောင်၊ တစ်ဖက်မှာ သက္ကရာဇ် ၁၁၄၃ တပို့တွဲလပြည့် ကျော် ၁၄ ရက်)(၁၁ ဖေဖော်ဝါရီ ၁၇၈၂) သူနန်းရတဲ့ ရက်စွဲအတိအကျကို

mgyoe.com

mgyoe.com
ဖော်ပြထားတယ်။ ပိုက်ဆံထုတ်တဲ့ အမိန့်တော်တွေကို ၁၈ ဖေဖော်ဝါရီ ၁၇၈၈၊ ၁ ဇူလိုင် ၁၇၉၅ နဲ့ တွေ့ရပါတယ်။ ရခိုင်ဒင်္ဂါးကို ငွေရည်ညံ့တဲ့ (စံမမီတဲ့)ငွေနဲ့ခတ်တယ်လို့ (၁၅ ဇူလိုင် ၁၈၀၁၊ ၁၃ ဩဂုတ် ၁၈၀၆၊ ၂၅ အောက်တိုဘာ ၁၈၀၆) အမိန့်တော်တွေအရ သိရပါတယ်။ နောက်တိုင်းသူ ပြည်သားအများက ကြေးပိုက်ဆံ မသုံးလိုကြောင်း (၁၃ ဩဂုတ် ၁၈၁၂) သိရတယ်။ အဲဒါနဲ့ ရှေးကအတိုင်း ငွေခဲကိုပဲဖြတ်ပြီး ချိန်တွယ်သုံးဖို့ ခွင့်ပြုပါတယ်။ (၁၃ ဩဂုတ် ၁၈၁၂၊ တင် ၃ ၁၉၃၂၊ ပိုဒ် ၃၉၅၊ စာ–၁၃၉ကြည့်) ငွေဒင်္ဂါးခတ်တဲ့ နောက်မင်းတစ်ပါးက သာယာဝတီမင်း ၁၈၃၇–၁၈၄၆ ဖြစ်ပါတယ်။ ဒင်္ဂါးတစ်ဖက်မှာ လပြည့်ဝန်း၊ တစ်ဖက်မှာ ယုန်တံဆိပ်ပါ ရတယ်။ (၁၀ အောက်တိုဘာ ၁၈၃၇) မင်းတုန်းမင်း ၁၈၅၃–၁၈၇၈ က ရွှေပြည်စိုးတစ်ဖက်၊ သာသနာနှစ် ၂၃၉၆ (ခရစ် ၁၈၅၄) တစ်ဖက်ပါတယ်။ (၂၉။ ဇန်နဝါရီ ၁၈၅၄၊ ၁၄ စက်တင်ဘာ ၁၈၄၆)က ဒေါင်းပုံတစ်ဖက်၊ သက္ကရာဇ် ၁၂၁၄ (ခရစ် ၁၈၅၃) တစ်ဖက်ဒင်္ဂါး၊ ဒေါင်းအမြီးကုံး တစ်ဖက်၊ သက္ကရာဇ် ၁၂၂၂ (ခရစ် ၁၈၆၁) ဒင်္ဂါး၊ သက္ကရာဇ် ၁၂၁၄(ခရစ် ၁၈၅၃)၊ သက္ကရာဇ် ၁၂၂၈ (ခရစ် ၁၈၆၇) ငွေဒင်္ဂါးတွေရှိသလို ခြင်္သေ့တံဆိပ်နဲ့ သက္ကရာဇ် ၁၂၂၈ (ခရစ် ၁၈၆၇) ရွှေဒင်္ဂါး၊ သက္ကရာဇ် ၁၂၃၁(ခရစ် ၁၈၆၉) ယုန်တံဆိပ်နဲ့ ပိုက်ဆံတွေလည်း ခတ်နှိပ်ဖြန့်ဝေခဲ့တယ်။ သီပေါမင်း ၁၈၇၈–၁၈၈၅ လက်ထက် ထိုးတံဆိပ်၊ သက္ကရာဇ် ၁၂၄၀(ခရစ် ၁၈၇၉) ပိုက်ဆံတွေလည်း ရှိပါတယ်။

❒

mgyoe.com

mgyoe.com

# ၆

ကြွေးမြီအပေါ်တွင် မင်းနဲ့ မင်းမှုထမ်း(ခုံသမာဓိ တရားသူကြီး) တွေက အယူအဆ သဘောထားနှစ်မျိုးထားတာကို တွေ့ရတယ်။ ပထမ သဘောထားက 'မုဆိုဝ်မ ဝန်' သဘောထားပါတဲ့။ ဆိုလိုတာက ပေးစရာ တိုးရင်းငွေ အစုအပေါင်းများနေရင် မြီစားက တဖြည်းဖြည်း နည်းနည်းစီ ဖဲ့ဆပ်တာကို မြီရှင်က လက်ခံပါဆိုတဲ့ သဘောထားဖြစ်တယ်။ ဒုတိယ သဘောထားက 'ပင်ရင်းထက် အခက်မပွားရာ' ဆိုတဲ့ သဘောထားဖြစ် တယ်။ မူလချေးငွေထက် အဆမတန်များပြားတဲ့ အတိုးကို ပေးရမယ်လို့ ဘယ်ခွင့်ပြုနိုင်ပါ့မလဲလို့ ဆိုလိုတယ်။ နောက်တစ်မျိုးပြောရရင် ကြွေးကို တဖြည်းဖြည်း နည်းနည်းစီ ဖဲ့ဆပ်တာကို ထောက်ခံတယ်။ မတရားအတိုး ကြီးစားတာကို သဘောမတူ လုံးဝခွင့်မပြု(အမိန့်တော် ၃ မတ် ၁၇၈၂)။ မိဘက မြီမဆပ်နိုင်လို့ သားသမီးကို ကျွန်ပြုပါတော့လို့ ပေးရတဲ့ (၁၁ ဇွန် ၁၆၆၄)ထုံးလဲ ရှိတယ်။ မင်းမှုထမ်းဆိုရင် 'ကြွေးတင်ကျွန်ဖြစ် မလုပ်ရ'(၁၀ ဧပြီ ၁၆၇၉၊ ၁၆ ဇူလိုင် ၁၆၉၂) လို့ ပြတ်ပြတ်သားသား အမိန့်တော်ထုတ် ထားပါတယ်။ အရာရှိတစ်ယောက်ရဲ့လက်အောက်မှာရောက်နေတဲ့ မင်းမှု ထမ်းတစ်ယောက် ကြွေးကြောင့် ကျွန်ဖြစ်ရမယ့်ပုံပေါ်ရင် အဲဒီအရာရှိက ကျွန်မဖြစ်ရအောင် တတ်စွမ်းသလောက် ကူညီရမယ်(၁၆ ဇူလိုင် ၁၆၉၂) လို့ အမိန့်တော်ရှိတယ်။ အဲဒါအပြင် ပတ်သက်တဲ့အရာရှိဟာ ဓမ္မသတ်ပါ

mgyoe.com

mgyoe.com

ကျွန်နဲ့ ကျွန်အဖြစ်က ရွေးနုတ်ခြင်းအခန်းကို ကြေညက်အောင် လေ့လာ(၁၉ ဩဂုတ် ၁၇၅၈) စေတယ်။ ဆိုလိုတာက ကိုယ့်လူကျွန်မဖြစ်အောင် ဥပဒေဘောင်အတွင်းကသာ လုပ်ပါ၊ မင်းအရှိန်အဝါ မသုံးရလို့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ အဲဒါအပြင် ငွေရှင်က မင်းမိဖုရား မင်းညီမင်းသားဆိုသလို တန်ခိုးဩဇာကြီးသူ ဖြစ်နေရင် အရာရှိငယ်က ချဉ်းကပ်ဝံ့မှာ မဟုတ်ဘူး။ ထုံးနည်းကိုပဲပြပြီး အမှန်ဖြစ်အောင် ပြောဆိုဖို့လိုတယ်။ ပြည်ပစစ်ပွဲတစ်ခု ဆင်နွှဲရတော့မယ်ဆိုရင် အရာရှိတွေဟာ ကိုယ့်တပ်ကိုယ်စုပြီး မြင်း၊ လက်နက်၊ ရိက္ခာဆိုတာတွေ ပြည့်စုံအောင် ကိုယ့်ဘာသာငွေချေးပြီး ထူထောင်ကြရတယ်။ ငွေရှင်က ကြွေးဆပ်ပါလို့ စစ်မပြီးမချင်း မတောင်းရ (၁၅ အောက်တိုဘာ ၁၇၈၇၊ ၇ နိုဝင်ဘာ ၁၇၈၇၊ ၁၉ ဇွန် ၁၈၀၁)ပါ။ ငွေရှင်က မိမိငွေကိုဆပ်ဖို့ တခြားလူတစ်ယောက်ကို တောင်းခံဖို့ မစေခိုင်းရ။ (၆ မတ် ၁၇၈၃) မြီပေးဆပ်ဖို့ သတ်မှန်ချိန်မလွန်ခင် ရရှိအောင် နည်းလမ်းရှာပြီး မတောင်းရ (၁ မတ် ၁၅၆၉)ဆိုတဲ့ အမိန့်တော်တွေလည်း ရှိပါတယ်။

စစ်ဖြစ်ဆဲကာလမှာ တစ်ဖက်နိုင်ငံရဲ့လက်အောက်ခံ စော်ဘွားမြို့စားတွေကို ဟိုဘက်ကထွက်ခဲ့ပြီး ဒီဘက်မှာ သစ္စာခံရန်သွေးဆောင်မြဲဖြစ်တယ်။ အဲဒီအခါ 'စည်းစိမ်မပျက် အသက်မသေ နေရာမနိမ့်'ဆိုတဲ့ စကားလုံးတွေကို (၁၈ ဇန်နဝါရီ ၁၇၅၆)ကိုသုံးပြီး သူ့လူကိုယ့်ဘက်သားဖြစ်အောင် လုပ်ပါတယ်။ သူ့လက်ရှိ စီးပွားဥစ္စာကိုလည်း မသိမ်းမယူပါ။ လူကိုလည်း မသတ်ပါ။ အခုရှိနေတဲ့ စော်ဘွားမြို့စားရာထူးအတိုင်း မနိမ့်မကျ ထားမြဲရှိမြဲထားမယ်။ နေရမယ်လို့ အာမခံချက်နဲ့ မြူဆွယ်တာဖြစ်ပါတယ်။ တစ်ဖက်ရန်သူမင်းကိုပဲ ဒီစကားလုံးတွေသုံးပြီး လက်အောက်ခံ မဟာမိတ် (Subordinate alliance)လုပ်မလား (၂၈ စက်တင်ဘာ ၁၇၅၆) မေးပါ တယ်။ အလောင်းမင်းတရားရဲ့ စစ်ဗိုလ်တစ်ဦးဖြစ်တဲ့ မင်းခေါင်နော်ရထာ ပုန်ကန်တဲ့အခါ သူ့ရဲဘော် စစ်ဗိုလ်ကြီးတွေကို ဒီသဘောထားအတိုင်း ထားပါမယ်(၁၂ စက်တင်ဘာ ၁၇၆၀)လို့ စကားကမ်းလှမ်းခဲ့တယ်။ ရခိုင်ကို သွားရောက်ပြီး မတိုက်ခိုက်ခင်ကပဲ ဒီအတိုင်း ရခိုင်မြို့စားတွေကို သိမ်းသွင်းဖို့ စကားကမ်း(၂၀ စက်တင်ဘာ ၁၇၇၄)ခဲ့တယ်။

အောင်မြင်ရာအောင်မြင်ကြောင်းဆိုပြီး အပရိဟာနိယတရား ခုနစ်ပါး

mgyoe.com

mgyoe.com

ကို နိုင်ငံတွင်း တိုးတက်အောင်မြင်ရေးအတွက်သုံးတယ်။ ခုနစ်ပါးဆိုရာမှာ–

၁။ တစ်နေ့သုံးကြိမ် နိုင်ငံရေးရာကို မင်းနဲ့ အမှူးအမတ် တွေ့ဆုံဆွေးနွေးတယ်။

၂။ အရေးကြီးတဲ့ ပြဿနာတစ်ခုပေါ်တိုင်းလည်း လူသားအားလုံးပါဝင်ခွင့်၊ တိုင်ပင်ဆွေးနွေးခွင့်ပြုပြီး အဖြေရှာရတယ်။

၃။ သက်ဆိုင်သမျှ လေ့လာစရာရှိသမျှကို ရှာဖွေလေ့လာပြီးမှ အကြောင်းခြင်းရာတစ်ခုကို ဘယ်လိုလုပ်သင့်တယ်လို့ ဆုံးဖြတ်တယ်။

၄။ သက်ကြီးရွယ်အို၊ ပညာရှိတွေကို လေးစား ရိုသေပြီး၊ ပေးသမျှ ဩဝါဒကို နာခံတယ်။

၅။ အလိုမတူဘဲ ဘယ်မိန်းမကိုမှ ကောက်ယူပေါင်းသင်းခြင်း မပြုရ။

၆။ ထုံးစံ ပသပူဇော်မြဲ အစောင့်အရှောက်နတ်တွေကို ပူဇော်ပသရမယ်။

၇။ နိုင်ငံတွင်းနေထိုင်မြဲ ရဟန်းပုဏ္ဏားတွေကို ဆက်လက်ပြီး နိုင်ငံတော်အတွင်းမှာ ပျော်ပိုက်နေထိုင်နိုင်အောင်၊ တိုင်းတစ်ပါးက ကြွလာနေထိုင်ချင်အောင် အလေးဂရုပြု ဆက်ဆံရမယ်။ (တင်၊ ၁၊ ၁၉၃၁၊ စာပိုဒ် ၇၉၊ စာမျက်နှာ ၁၃၁၊ စာပိုဒ် ၈၅၊ စာမျက်နှာ ၁၃၉)။ ဒီလိုနည်း လုပ်ထုံးကို ဗုဒ္ဓစာပေ(မဟာပရိနိဗ္ဗာနသုတ်) က ထုတ်နုတ်ယူတာ ဖြစ်ပါတယ်။ သန္တိပါတ အစည်းအဝေးနဲ့ သမဂ္ဂ ညီညွတ်သော အခြင်းအရာတို့က ဆင်းသက်လာတဲ့ သဘောနဲ့ အလုပ်ဖြစ်ပါတယ်။

အစု အငန်းဆိုတဲ့ လူ့အဖွဲ့အစည်းဝင်တွေဟာ မိမိအစုတွင်း မဟုတ်ဘဲ စုခြား(အပြင်အပ တစ်ပါးသူ)နဲ့ လက်ဆက်ပေါင်းသင်းနေထိုင်မယ်ဆိုရင် မနေရလို့ တိုက်ရိုက်ပိတ်ပင် တားဆီးတာမျိုး မရှိပေမယ့် မကြိုက်ဘူးလို့ သိရပါတယ်။ နန်းတွင်းမှာပဲ ဘယ်အစုက လင်နဲ့ ဘယ်အစုကမယားပေါင်းသင်းပြီး သားသမီးထွန်းကားရင် ဘယ်အစုမှာ သွင်းရမလဲဆိုတဲ့ ပြဿနာကို ဖြေရှင်းတဲ့ အမိန့်တော်တစ်ခု(၂၃ ဇွန် ၁၆၀၇) ထုတ်ပြန်ဖူးတယ်။ ဥပမာ သဘင်တော်အစုက အထိန်းအမမရွေး ဘယ်သူပဲဖြစ်ဖြစ် တခြားအစုသားနဲ့

mgyoe.com